

ပေါစိန်ဝင်း

ယခုစာအုပ်အား

မချိုချိုလွင်

ချယ်ရီ (ကွန်ပျူတာ) မန္တလေးမြို့ မှ

စာစီစာရိုက်၍ ပေးပို့လှူဒါန်းပါသည်။

လေးစားစွာဖြင့်

Admin

မြန်မာ စာအုပ်များ

## ကဗျာချစ်သူအပေါင်းတို့ခင်ဗျား

(၁)

' သမုဒယဝတ်ရည်' သည် ... ကဗျာရေးသူ၏ ၁၉၇၀ ဝန်းကျင်မှ ၁၉၉၀ ဝန်းကျင်အထိ ဆယ်စုနှစ်နှစ်ခုမှ ရင်ခုန်သံများကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။

" သောကခြေရာရတနာ" ကဗျာများထုတ်ဝေစဉ်က ချန်ထားခဲ့သော ကဗျာများနှင့် အသစ်အသစ်ရေးပြီးသောကဗျာများ "သမုဒယဝတ်ရည်" မှာပါဝင်ပါသည်။ အဆိုပါ ကဗျာများသည် မဂ္ဂဇင်းစာစောင်များနှင့် လုံးချင်းဝတ္ထုစာအုပ် စာမျက်နှာများတွင် ဖော်ပြခဲ့ပြီးသော ကဗျာအများစုပင် ဖြစ်ပါ၏။ " သောကခြေရာရတနာ" ကဗျာများကဲ့သို့ပင် မိမိ၏ ကဗျာများကို တစ်စုတစ်စည်း ဖတ်ရှုခံစား သိမ်းဆည်းထားနိုင်ပါရန် "သမုဒယဝတ်ရည်"ကို စီစဉ်ထုတ်ဝေနိုင်ရန် ကြိုးစားခဲ့ပါသည်။

(၂)

"သမုဒယဝတ်ရည်" တွင် အပိုင်းသုံးပိုင်းခွဲ၍ ကဗျာများကို စုစည်းတင်ပြထားပါသည်။ ရေးဖြစ်ခဲ့သော အချိန်ကာလအလိုက် မဟုတ်ဘဲ အမျိုးတူရာကဗျာများကိုသာ အပိုင်းလိုက်ခွဲခြားထားပါသည်။

(၃)

" သမုဒယဝတ်ရည်" ကဗျာစာအုပ်ကို ထုတ်ဝေနိုင်ရန်အတွက် ကောင်းသည်ထက်ကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သော လှိုင်စာပေမှ ကိုလှိုင်အားလည်းကောင်း......

"သောကခြေရာရတနာ"ကဗျာများစာအုပ်ကို ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ မျက်နှာဖုံး ပန်းချီကို စူးနစ်စွာ ခံစားရေးဆွဲပေးခဲ့ရင်း ယခု " သမုဒယဝတ်ရည်" မျက်နှာဖုံးကိုပါ စေတနာ အပြည့်အဝ ဖြင့် ခံစားသရုပ်ဖော်ပေးသော ပန်းချီမျိုးမြင့်အားလည်းကောင်း....

ဂရုတစိုက် စာစီရိုက်နှိပ်းကြသော လုပ်သားအားလုံးအား လည်းကောင်း...

အထူးကျေးဇူးတင်ရှိပါကြောင်းကို ဤစာမျက်နှာမှ မှတ်တမ်းတင်ချင်ပါသည်။

(၄)

"သမုဒယဝတ်ရည်" သည် ကဗျာချစ်သူများလက်သို့ ရောက်ရှိကာ ကဗျာချစ်သူတို့၏ နှလုံးသား၌ တစ်စုံတစ်ရာသောရနံ့ကို ခံစားတင်ကျန်ရရှိနိုင်မည်ဆိုပါက ကဗျာရေးသူ၏ စုစည်း တင်ပြရကျိုးနပ်ပြီဟုဆိုရပါမည်။

နမ်း မည် မနမ်း မည်မသိသော်လည်း " သမုဒယဝတ်ရည်" ဖြင့် ကဗျာပန်းတို့ကတော့ ကဗျာရေးသူ၏ နှလုံးသားမှ ဖူးပွင့်ခဲ့ပါပြီ။

ထိုပန်းတို့ကို စုစည်းကာ ကဗျာချစ်သူများထံသို့ ပေးပို့လိုက်ပါသည်ဟု.....


စာချစ်သူ ကဗျာချစ်သူများသို့ လေးစားစွာဖြင့်

မောင်စိန်ဝင်း (ပုတီးကုန်း)

အမှတ်(၈)ဘီ၊ မြသီရိလမ်းသွယ်

အောဝမ်းခြံလမ်း

ရှစ်မိုင်ခွဲ၊ မရမ်းကုန်း

ရန်ကုန်

## မာတိကာ


၁။ ကဗျာ
၂။ မြှုံး
၃။ စွန့်ရက်မှာလား
၄။ စွန့်ရက်ရဲသည်
၅။ နွယ်အရိပ်
၆။ နွယ်စိမ်း
၇။ ထာဝရနွယ်
၈။ ထာဝရ
၉။ ဂျပ်ဆင်ရှေ့မှာ
၁၀။ ထာဝရကဗျာ
၁၁။ ချစ်သူရှိတဲ့အင်းလျားအောင်
၁၂။ ဥပက္ကာအချစ်
၁၃။ မိုး
၁၄။ နားလည်ပါကွယ်
၁၅။ မာယာမိုး
၁၆။ ချစ်သူသိလေ
၁၇။ စက္ကူစွန်
၁၈။ အဖော်
၁၉။ မျက်သွယ်လည်ဆွဲ
၂၀။ တိမ်းသူစိမ်းသူ
၂၁။ လွမ်းသမုဒ္ဒပြင်
၂၂။ ပန်းပန်သူ
၂၃။ မီး သို့မဟုတ်
၂၄။ ပိုးဖလံ
၂၅။ လွမ်းပွင့်
၂၆။ ကမ္ဘာသို့မဟုတ်
၂၇။ ဖြောင့်ချက်
၂၈။ ခရီးသည်
၂၉။ တစ်နေရာစီ
၃၀။ ရင်ခွင်ပြောင်း

၃၁။ အထောက်အထား

၃၂။ ဥယျာဉ်မှူး

၃၃။ လွမ်းရဲတယ်

၃၄။ လိပ်ပြာတေလေ

၃၅။ မုဆိုးတစ်ဖြစ်လဲ

၃၆။ ရင်းစားမရနိုင်သောဆရာ

၃၇။ ပျောက်ဆုံးခြင်း

၃၈။ ထွက်ဆိုပါသည်

၃၉။ နာတာရှည်

၄၀။ ရင့်ကျက်ချိန်

၄၁။ နှင်း

၄၂။ ခင်

၄၃။ ညို

၄၄။ နေ့စွဲမရှိတဲ့အချစ်

၄၅။ ဝေး

၄၆။ မာနကိုအပ်နှင်းခြင်း

၄၇။ ဥသြ

၄၈။ လျှပ်ပန်း

၄၉။ မွေ့ပျော်ခြင်း

၅၀။ အချစ်

၅၁။ နယ်နိမိတ်

၅၂။ နောက်ဆုံး

၅၃။ နှုတ်ဆက်ခြင်း

## အပိုင်း(၂)


၁။ ချစ်သူလာလေ

၂။ ပန်းသတင်း

၃။ တွေ့ဆုံခြင်း၏အခြားမဲ့၌

၄။ ပတ်ဝန်းကျင်

၅။ မေတ္တာရပ်ဝန်း

၆။ ကံ့ကော်တောသို့ နောက်တစ်ခေါက်

၇။ ခရီးဖော်

၈။ ပန်းနဲ့လိပ်ပြာ

၉။ ဘဝရာသီ

၁၀။ ဝေဒနာသစ်

၁၁။ အို.... အချစ်

၁၂။ ရင်ထဲမှာ

၁၃။ ထာဝစဉ်သာ

၁၄။ သားဦးဝေဒနာ

၁၅။ မတိုင်မီ

၁၆။ အဝေးချစ်

၁၇။ အလွမ်းည

၁၈။ နားလည်ကြစို့အချစ်ရယ်

၁၉။ ထိုသစ်ပင်

၂၀။ တစ်လှေတည်းစီး

၂၁။ ခရီးသည်နှစ်ဦး

၂၂။ နေ

၂၃။ လ

၂၄။ နီးနေသည်ဟုအိပ်မက်သူများ

၂၅။ တစ်နည်းနည်းဖြင့်

၂၆။ ဆပ်ကပ်

၂၇။ ပျိုမျစ်နေသောသစ်ပုတ်ပင်

၂၈။ နှင်းဆီ

၂၉။ မာနမဲ့စွာ

## အပိုင်း(၃)


၁။ ကဗျာနေ

၂။ အနိစ္စမဲ့ရထားပေါ်မှာ

၃။ ကိုးဆယ်ပုံစံ

၄။ သွေး

၅။ အပြာရောင်များ

၆။ စကားမြား

၇။ ခရီး

၈။ နေရာသစ်သို့

၉။ နိုးထစဝေဒနာ

၁၀။ သူ့နွေကိုယ့်နွေ

၁၁။ ပိဋ္ဌိယက္ခ

၁၂။ ယုန်ဆိုသည်မှာ

၁၃။ ခရီးဆုံးမှာ

၁၄။ ခေါက်ဆွဲဆိုင်မှာ

၁၅။ သားကောင်

၁၆။ မာယာမနက်

၁၇။ အဝိဇ္ဇာတော

၁၈။ လမ်းစ

၁၉။ အရဏ်သစ်

၂၀။ ကာလတန်ဈေး

၂၁။ ဆပ်ကပ်ဆရာ

၂၂။ တိရစ္ဆာန်ဥယျာဉ်တစ်ခု

၂၃။ အုတ်မြစ်

၂၄။ ဟင်းလင်းပြင်ကဘာဝများ

၂၅။ ငါနှင့်ကဗျာခွဲခွာခြင်း

၂၆။ ရာသီတုစက်

၂၇။ မျှော်လင့်ခြင်း

၂၈။ ကျောင်းခွေး

၂၉။ နေကာမျက်မှန်

၃၀။ ထာဝရပန်း
၃၁။ အရက်ကြိုး
၃၂။ မသိကိန်း၏တန်ဖိုး
၃၃။ သွေးစည်းသူများ
၃၄။ ရောဂါရသူများ
၃၅။ ငှက်တို့၏တေး
၃၆။ အသက်ဝင်နေသောပန်းချီကား
၃၇။ အာရုံထဲမှာ
၃၈။ အဆုံး

**<u>ကဗျာ</u>**

မွေးကတည်းက
သွေးထဲမှာကဗျာ....
အစဉ်အမြဲ
ရင်ထဲမှာလည်းကဗျာ...
တစ်ခါတစ်ခါ
ကဗျာဟာ ဘယ်မှာပျောက် ။
နှစ်ကိုယ့်တစ်စိတ်
ကိုယ့်အရပ်ဟာသူ
ကိုယ့်အိပ်မက်မှာသူ... သူမို့
ပြူစူကာ၊ သူ... သူခွဲလျှင်
ရင်ထဲမှာ ဗလာနေလို့
ကဗျာတွေ မေတ္တာဖြစ်
ချစ်သူ့ဆီရောက် ။

**မြှုံး**

မေ့ဖြစ်အောင်လို့....
မျက်တောင်ချင်းယှက်၊ အိပ်စက်မရဲ
အိပ်မက်ထဲထိ၊ နိုပ်စက်ရှိသူ
အပူတစ်စ၊ ဘယ်သူမျှသလဲ
သူမှသူကွယ်၊ အပူသယ် (သည်)ဖြစ်
စွဲလမ်းရစ်ချည်၊ စူးနစ်ကျွမ်းမြေ့
အလွမ်းနေ့ဆက်၊ အမေ့ခက်ပြန်...
နေ့ရက်နာရီ
ရာသီကာလ၊ ထာဝရတည်
ကြာလှပြီဖြစ်၊ ချစ်ခြင်းဝေဒနာ
ဖြေသာပြေ၍၊ မေ့ပါရစေ...
တခွေလိပ်ပူး၊ စိတ်ကူးမှာကပ်
ပတ်ရစ်နှောင်ငင်၊ သံယောဇဉ်ဝင်၍
လျှော့ပြေချွတ်၍၊ လွတ်မြောက်ခွင့်အား
ပေးသနားပါ....
ဝါရှက်တွန့်ကွေး
ပြေးလျှောရုပ်တိုက်၊ ဝိုက်ဝေ့လွင့်ပါ
ရာသီဆောင်းလွန်၊ နွေဦးကျွံစ
နှင်းမှုကျပဲ၊ တစ်နေ့တည်းမှာ
ရာသီနှစ်ခု...
ဪ.. သူ့လို...သူ့လို
မငိုရဘဲ၊ မျက်ရည်ဝဲကာ
ရင်ထဲစူးကျင်၊ နာလိုက်ချင်ရဲ့
မေ့ချင်ရဲ့ကွယ်၊ တကယ်ဆိုတာ
သမုဒယမြှုံး....
အနက်ဆုံးမို့
သက်လုံးနှောင်မိ
သတိတရများစွာ...
အထိအရှများစွာနဲ့ပဲ... ....

**စွန့်ရက်မှာလား**

လိုက်ခဲ့ခေါ် လျှင်
အဖော်အဖြစ်၊ ချစ်သူပင်ပန်း
ကြာလျှင်နွမ်းလိမ့်၊ ကြမ်းတမ်းကွေ့ကောက်
လျှောက်ရင်းညှိုးရော်၊ အပျော်မဲ့ခမ်း
အဖော်နဲ့ လှမ်းပေမယ့်
မတော်တဲ့လမ်းလို့
စမ်းတဝါးတွေး၊ နောက်ပြန်ပြေးထွက်
စွန့်သွားရမည်၊ စိုးမိသည်ချည်း...။
ထီးတည်းထားထွက်
မချန်ရက်ပြန်၊ သံယောဇဉ်မဲ့
မလိုက်နဲ့တား၊ စကားဆိုမြွက်
အိပ်မက်မှာတောင်၊ ယောင်လို့လဲပဲ
မခွဲရဲခဲ့၊ စိတ်ကူးနဲ့ဝေး
အတွေးတွေးလျှင်...
အိပ်ရေးတွေပျက်၊ အနေခက်ရဲ့
ရွှေမျက်ရည်တောင်စို့ဘူးတယ်....။
သည်လိုနဲ့နော်...
မခေါ် ရက်ရက်၊ နှုတ်မဆက်ဝံ့
မစွန့်ခွာရဲ၊ ကဗျာပဲရေး
ကဗျာထဲတွေးနဲ့...
ကဗျာလေးလိုဖြစ်ကာ...
ကာလနစ်တွေ ကြာလာလဲ (လည်း)
ဩော်... ထာဝရချစ်နေတာပါပဲကွယ်....။

**စွန့်ရက်ရဲသည်**

မပတ်သက်ခင်၊ တပ်မက်ချင်သော
သံယောဇဉ်ဇာတ်၊ သခင်ဖြတ်လှည့်
လျှပ်ပြက်ညမှောင်၊ ခင့်လာရောင်မျှင်
မမြင်သာသော၊ ရင်နာတောမှ
သောကပင်အုပ်၊ နွယ်လိမ်ရှုတ်ကြား

ထားရစ်မေ့ချန်၊ တစ်ရံခါဆီ
ဒဏ္ဍာရီဟု၊ သည်တစ်ခုကို
သမုဒယဖွဲ့မပူ....
ဩော်.... သူဘဝနဲ့ သူပျော်ပါစေ....။
ဘာသာစိတ်ကူး၊ ပန်းငုံဖူးနှင့်
နှစ်ဦးတွေ့သလို၊ စကားဆိုခဲ့
ပျားချိုနွဲ့ဝတ်၊ ထုံနံ့ဆွတ်ကြည်
မှီစက်မေးခိုင်၊ ရင်ခွင်လိုအပ်
ပါးမှာကပ်ကြည့်၊ ပန်း၏အတွေ့
သူ့ရင်ငွေ့ဟု၊ မတွေ့သာရက်
တွေ့လာခက်စဉ်၊ တစ်သက်မပြေ
တစ်စက်ကြွေသည့်၊ ပန်း၏အတွေ့
သူ့ရင်ငွေ့ဟု၊ မတွေ့သာရက်
တွေ့လာခက်စဉ်၊ တစ်သက်မပြေ
တစ်စက်ကြွေသည့်၊ မျက်ရည်နှင်းစက်
ပန်းပေါ်သက်မှ၊ ကျွန်မငိုမိ
ကိုယ်တိုင်သိပြီ၊ ပြောခဲ့သည်များ
လွမ်းစကားတွေ၊ ပန်းကြားမှာငေ့
ပြန်အောက်မေ့မလား...
ပန်းတွေ့လေတိုင်း စိုးပူသည် ။
သီလျက်တမင်
မိုက်မှားချင်၏၊ ရင်မှာနွဲ့မှီ
မျက်ရည်စိုလူး၊ ငိုခဲ့ဖူးသော
တစ်ရံရောသည်၊ တောမီးလိုမြိုက်
ကျွမ်းသည့်ခိုက်မှ၊ ညဆက်ညဆက်
နမမျက်နှာ၊ အိပ်မက်ပါရော...
ရွက်ဝါတွန့်ကွေး၊ ကိုင်းနှင့်ဝေးလျက်
လိပ်ပြာငှက်နယ်၊ ပျံတက်ခိုနား
ကိုင်းဖျားမှာဝေ၊ နေချင်မဖြစ်
ဘဝသစ်၍၊ ဆွေးမြေ့အမှိုက်
လျှောတိုက်မွကြေ၊ မြေဆီမြေသား

ဖြစ်၍သွားလည်း...
ကိုင်းဖျားဖူးတံ၊ ရှင်နသန်ရေး
ဟိုး... အဝေးက၊ ဖေးမတွယ်ယှက်
တမ်းမောမက်၏ ။

**နွယ်အရိပ်**
တွယ်မှာစိုးလို့...
နွယ်ကြိုးညွှန့်သစ်၊ မပတ်ရစ်အောင်
ဖြတ်ပစ်ခဲ့ရတော့မှာလား....
လိုက်မှာစိုးလို့...
နစ်ကိုယ့်တစ်စိတ်၊ ကိုယ့်အရိပ်နဲ့ခွဲ
အမှောင်ထဲမှာ၊ ရှောင်လွဲနေရတော့မှာလား
ဖြတ်မရတဲ့... နွယ်..
သတ်မရတဲ့... နွယ်
ဖယ်မဖြစ်တဲ့... အရိပ်
တွယ်ရစ်တဲ့...အရိပ်
တကယ်ချစ်တဲ့စိတ်ကြောင့်လား
နှလုံးသားမှာ အနာတရနဲ့
ထာဝရ ရောက် ရောက် လာတာ...
ဩော်...
ကာလဘယ်လောက်ကြာကြာ...။

**နွယ်စိမ်း**
ရစ်လွယ်ပတ်လွယ်၊ နှောင်ဖွဲ့လွယ်မို့
နွယ်လို့ခေါ်မည်ခင်...။
နွယ်...
ဘယ်ကိုဦးတည်၊ ဘယ်ဆီမသိ
ဘယ်ထိသွားမည်၊ မရွယ်ရည်ဘူး
ခြေဦးတည့်ရာ၊ လိမ်ရှုပ်ကာဖြင့်

မြေပေါ်မှာလည်း မင်းပျော်သည်....။
သွားနေလျက်က၊ မြက်ပင်တွေ့တွေ့
မွေ့နိုင်ပျော်နိုင်၊ ရပ်စပတ်နိုင်၏
တိုင်ပဲဖြစ်ဖြစ်၊ နောင်တွယ်ရစ်မည်
သစ်ခြောက်ပင်လည်း (လဲ) တွယ်ဖက်ရဲသည်...
ကဲ... ဘယ်လိုလဲနွယ်...
တကယ်... တကယ်....
ဘာရယ်မဟူ၊ တွေ့တဲ့သူကို
မြူနိုင်ချော့နိုင်၊ ရပ်စပ်နိုင်၏
မခိုင်မမတ်၊ စိတ်ဓာတ်ပျော့ညံ့
မတည်တံ့ချေ၊ တွေဝေဖောက်ပြား
အမျိုးအားနဲ့...
ခြေဖျားထောက်ရင်း၊ ခေါင်းထောင်သည်
ကဲ... နွယ်အချစ်...
ရစ်လွယ်ပတ်လွယ်၊ နောင်ဖွဲ့လွယ်လို့...
ရည်ရွယ်ရာမဲ့၊ စိတ်ယိုင်ယဲ့လို့..
နွယ့်ကိုတကယ်မုန်းလိုက်ပြီ...။

**ထာဝရနွယ်**

သမုဒယတွယ်သမို့
နွယ်လို့ခေါ်မည်ကွယ်....။
တစ်သက်တာကာလမှာ
ထာဝရပါနွယ်...။
ကုသိုလ်နည်းလို့လား
သူ့ကိုပဲ တငင်ငင်တွယ်...
(သံယောဇဉ်ဆိုတဲ့...)
အမျှင်ရယ်ကမပြတ် ။
ကံကြမ္မာခွဲပေမယ့်
သံသရာထဲအတူလည်သမျှတော့
အပူသည်ဘဝ၊ မောဟခရီးမှာ
သောကအသီးချိုမြိန်တုန်းပါပဲ

အမုန်းမရှိတဲ့ ….နွယ်
အဆုံးမရှိတဲ့ ….နွယ်
ဘယ်ကာလဖြစ်ဖြစ်
ကြာသမျှ ပတ်ရစ်စေတဲ့နွယ်….
ထာဝရထပ်သစ်နေတဲ့နွယ်…..
တွယ်ငင်လို့ယိမ်း…..
သြော်…..
နွယ်ပင်မို့စိမ်းလေသလား
ဘဝခြားကာ အနေလှမ်းတောင်မှ
(အခုထိ….)
လွမ်းလို့နေသတယ် ။

**ထာဝရ**
ပွင့်လျှင်လည်းနမ်း
နွမ်းလျှင်လည်းကောက်
ခြောက်လျှင်လည်းသိမ်း
တိမ်းညွတ်တွယ်မက်
သည်တစ်သက်မှာ
တစ်ပွင့်သာလေ….
စွဲလမ်းနေမည်
ဝေဝေကြွေကြွေ မြတ်နိုး၏ ။

**ဂျပ်ဆင်ရှေ့မှာ**
သီရိဆောင်ဖက်က ၊မနက်တိုင်းမှာ
ပေါ်လာနေကျ၊ အလှပဆုံး
မျက်လုံးလေးတစ်စုံ….။
တွေ့ပါများတော့ စကားနန
သူ့မျက်ဝန်းက ပြောပြမည့်သွင်
လှိုင်းထရင်နှင့် ဂျပ်ဆင်ရှေ့ကမျှော်ရမြဲ….။
ရက်ပေါင်းများစွာ သူသာအသိ
အကြည့်ချင်းဆုံ၊ ရင်ခုန်အနွေး

အတွေးခြေရာ၊ ဝေဒနာကို
ဘာသာကြည်မွေ့၊ စိတ်ချမ်းမြေ့လို့......
နေ့တိုင်းတွေ့ချင်နေပြန်သည်။
အချစ်ရယ်......
ဆယ်နေလိုပြင်း၊ မောင့်ကိုညှင်းသည့်
တနင်္ဂနွေ၊ ပိတ်ရက်တွေမှာ
လာနေကျလမ်း ၊ အလွမ်းပြေလေး
ပြေး၍ကြည့်စဉ်၊ ဂျပ်ဆင်ထဲက
ဓမ္မတေးသံ၊ လွင့်ပျံအေးမြ
ကြားနေရချိန်၊ သောကရှာသူ
ကိုယ့်လိုလူသာ
အပူမီးမြှိက်နေတကား............။

**ထာဝရကဗျာ**
လိုက်မလားလို့
စကားနဲ့သော်၊ အခေါ်ခက်ခက်
မခေါ်ရက်ရဲ၊ ခေါ်ခက်ခဲသည့်
ပျော်ရက်လည်းကာလမရှည်......
အဖော်တစ်သက်လည်း ထာဝရမတည် နိုင်သော
ရှည်မျောလွမ်းဇာတ်၊ တစ်ခန်းရပ်လဲ(လည်း)
လွမ်းတတ်ဆဲကွယ်....
တွယ်တာပြီးမှ မေ့လို့ရမလား....
မာနကိုတောင်၊ သူပျော်အောင်အပ်
အမြတ်နိုးဆုံး၊ နားလည်ဆုံးဟု
နလုံးသားက၊ စကားစတွေ
သူသိစေရှော့၊ မပြောတော့ချင်
သံယောဇဉ်တို့၊ အမျှင်မတန်း
မပင်ပန်းဘဲ ၊ ရွှင်လန်းချမ်းမြေ့
သူမေ့နိုင်ပါစေ....
သြော်....
အပူငွေ့ပျယ်ပါစေကွယ်....

ဝေဒနာအရိပ်
ခြေရာအတိတ်လိုမထင်ရစ်အောင်
ဟန်ဆောင်လူလုပ်၊ အပူရုပ်လို
သူနှုတ်ဆက်လဲ(လည်း)
ကျန်ခဲ့ရဲတယ်....
သခင်ခွဲမယ့် ကာလမှာ....
သြော်...
ရင်ထဲမှာတော့ ထာဝရကဗျာ။ ။

**ချစ်သူရှိတဲ့ အင်းလျားဆောင်**

အင်းလျားဆောင်ဘေးက အင်းလျားဆောင်...
ထုံနံ့သာကံ့ကော်တောမှာ
အိပ်မောကျယောင်....။
မောင့်အချစ်ကျော့မှူးခေါင်
သည်အဆောင်နေလေရဲ့ ။
သူ့မျက်နာရွှေစင်အိကို
ကြည့်စမ်းချင်လှည့်။
သည်အခန်း သည်နေရာ....။
မောင့်ချစ်သူ ညီညိုညက်
စာကျက်နေမှာ....။
မီးပွင့်ကထိန်ထိန်ဝါ
ခန်းဆီးဇာလေမှာဝဲ ။
ညတိုင်းပင်အဆောင်ရှေ့က
တွေ့ရစမြဲ ။
ကျောင်းပိတ်လို့တစ်နွေဝင်....
ကံ့ကော်ပင်သူ့အရွက်တို့
ညှိုးသက်ဝါကျင်...
အချစ်ဦးမောင့်ရွှေစင်
မမြင်လျှင်ပူပါရဲ့...။
အခန်းတွေတံခါးပိတ်လို့
မီးမှိတ်နေခဲ့...။

ချစ်သူရှိတဲ့အင်းလျားဆောင်...
ကဲ့ကော်မှူ၊ ထုံရနံ့နဲ့
ဆွတ်ပျံ့နေယောင်...
ကျောင်းပိတ်တော့မီးတွေမှောင်
အဆောင်မှာသူမရှိ။
သူမရှိပေမယ့်
သူရှိတယ်မြင်ယောင်လို့
သည်အဆောင် သည်အခန်းကို
အလွမ်းပြေနေ့စဉ်သွား
စောင့်စားကာကြည့်....။

**ဉပေက္ခာချစ်**
သမုဒယဝတ်ရည်...
ဖြစ်တည်သောပန်း၊ ရင်ထဲလန်းနေ
နမ်းနမ်းမနမ်းနမ်းပွင့်နေ၏ ။
တွယ်တာခြင်းအမြစ်....
စူးဝင်နစ်လျက်၊ အချစ်သစ်ပင်
ခိုင်မြဲရှင်စေ....
မြင်မြင် မမြင်မြင်နှောင်ဖွဲ့၏ ။
စေတနာစိတ်....
ဝေဆာအရိပ်ဖြစ်၊ ချွေးသိပ်ချမ်းမြေ
ဘဝအမော၊ ပြယ်လျှောကင်းစေ
ငြိမ်းအေးစေလို...
ခိုခို မခိုခိုအုပ်ဆိုင်း၏ ။
သတိရခြင်းငှက်...
အချစ်ပင်ထက်မှာ၊ မနက်နေ့ည
ကာလနစ်ရှည်၊ ထာဝရဖြစ်တည်
အဝေးဆီမှ ၊ တမ်းတလွမ်းမော
ကြေကွဲသောအသံ၊ ခံစားယုံစေ
သူသိလေမလား၊ မယုံစားရဲ
ကြားကြား မကြားကြား တေးသီ၏ ။

**မိုး**

ညိုညိုညို့၍....
ဟို့.... မှာ မှောင်ရီ၊ မကြာမီမှာ
ရာသီနှောင်းနွေ၊ နေခဲ့နှုတ်ဆက်
မိုးတစ်စက်ဖြင့်၊ ညှိုးသက်အပူဖြေပြနိုး....။
မြိမ်းလျက်ထစ်လျက်၊ လျှပ်ရောင်ပြက်လည်း
တစ်စက်မရွာ၊ မျက်နှာအပြောင်း
ဟန်ဆောင်ကောင်းသူ...
ညိုမောင်းဆိုင်းဆို့၊ မှိုင်းဝေညို့လျက်
ဟို့... မှာမှောင်ရီ၊ ရွာတော့မည်လား
ယုံမှတ်မှားအောင်....
ပြုမယောင်နှင့်၊ ဟိုတောင်ကမိုး...
မာယာမိုးလေ...
အပြုံးသို၍ လှည့်စား၏။

**နားလည်ပါကွယ်**

လေကလေးလိုဝေ့လိုက်ချင်
ခရီးနှင်ခြေရာထပ်။
အချုပ်ချယ်တွယ်ရာကင်း
ဟင်းလင်းလွတ်လပ်။
တိမ်ကလေးလိုလွှင့်လိုက်ချင်
မိုးကောင်းကပ်ခြေရာထပ်။
စိတ်အစဉ်အနှောင်ကင်း
ဟင်းလင်းလွတ်လပ်။
ထိမ်ဝှမ်ဆဲ...
အိပ်မက်ပဲဆိုတော့ကွယ်...
လေနယ် တိမ်နယ်ကိုယ်မဟုတ်။
လှောင်အိမ်ထဲကငှက်
လွတ်ရက်ကိုမမျှော်မှန်း
သောင်ကမ်းတွေပတ်လည်ဝိုင်း

လှိုင်းလိုက်ကျွန်ပ်။

**မာယာမိုး**

ပြုံမယောင်

ဟိုတောင်ကမိုး…။

လေအဝေ့မှာတော့

ရေငွေ့တွေ ဘယ်ဆီတိမ်းပါလို့

ဘယ်ယိမ်းကာ ဘယ်ကိုပါသလဲ

ဝေဒနာပူပူသရွေ့ကို

ကွယ်…

သူမေ့မှာစိုး…။

**ချစ်သူသီလေ**

**(၁)**

ပန်းပွင့်ရှိမှ၊ ရနံ့ရတာ

မဟုတ်ပါဘူး၊ ဖူးသည့်တစ်ငုံ

ထုံသည့်တစ်ပွင့်၊ နမ်းခွင့်တစ်ရှိုက်

ရသည့်ခိုက်မှ၊ ထာဝရတည်

ကာလရှည်လျား၊ နှလုံးသားမှာ

စွဲမြဲစွာဖြစ်၊ ထုံနံ့ယစ်ဝေ

ပျံ့ဆွတ်စေ၏၊ ချစ်သူသီလေ…

**(၂)**

မျက်နှာတွေ့မှ၊ မြင်ခွင့်ရတာ

မဟုတ်ပါကွယ်၊ ဘယ်ကိုသွားသွား

ဘယ်နားရောက်ရောက်၊ ဘယ်လောက်ဝေးဝေး

အတွေးမှာရှိ၊ အကြည့်မှာမြင်

သူပဲထင်တယ်…၊ ကောင်းကင်လိုပဲ

မော့ကြည့်ဆဲမှာ၊ တွေ့နိုင်ပါ၏

ချစ်သူသီလေ…။

**(၃)**

အသံကြားမှာ၊ နားမှာဆက်ဆက်

ကြားလာတတ်တာ၊ မဟုတ်ပါလေ
စမ်းရေသံကြား၊ သူ့စကားရှိ
ငှက်၏တေးမှာ၊ သူ့သံသာတွေ
နှုတ်ခွန်စကား၊ နားမှာတီးတိုး
ဟိုး… အရင်လို၊ ရွှင်ချိုကြည်မြ
ကြားနေရ၏၊ ချစ်သူသီလေ…

(၄)
ချစ်သူသီလေ…
သတိရလျှင်၊ ဒေသအကွာ
နေရတာကွဲ၊ ဘယ်လိုခွဲခွာ
ဘယ်လောက်ကွာမလဲ…
ဘယ်မှာဖြစ်ဖြစ်၊ တွယ်တာရစ်ငင်
ထာဝရထင်သော၊ ရင်ထဲအရိပ်
စွဲလမ်းစိတ်ဖြင့်….
အိပ်မက်တိုင်းမှာရှိနေသူ…။

**စက္ကူစွန်**
ရင်ထဲမှာလေ
နွေလေးများစွာ သိမ်းထားပါတယ်။
မျက်ဝန်းစုံထဲ
ပုလဲများစွာစုထားပါတယ်။
ဝိုတတ်သောငှက်
အိပ်မက်ထဲမှာ၊ အလည်လာတယ်။
ဝေးကြပြီပေါ့
မေ့လျော့ခြင်းများ၊ ပေးသနားပါ
ပိုးစား၊ ဖုန်ကပ်၊ သူ့ဓာတ်ပုံများ
စာအုပ်ကြားက၊ ပြားချပ်သွေ့ခြောက်
ကံ့ကော်ခြောက်များ
ဖျောက်ဖျက်ပါ၏
ခြေရာရှိက၊ သတိရမှာ

စိုးမိပါတယ်...။
တကယ်တော့ခင်၊ ရင်ထဲအရိပ်
စိတ်ထဲတွယ်ငြိ၊ ဘယ်သူသိမလဲ
ချစ်မိသည့်ဝန်၊ သောကနှံ့၍
နစ်ကျွံလည်စင်း၊ ခွဲခွာခြင်းမှာ
ဝေဒနာဆိုး၊ ကြိုးတန်းလန်းငင်
အမျှင်မပြတ်...။
**အဖော်**
အငုံဖြစ်လျှင်
ထုံယစ်ပျံ့ဆွတ်၊ ရနံ့ညွတ်နူး
ဖူးလိုက်စေချင်၊ ဖူးတာမြင်၍
ရင်ချမ်းမြေ့မည်...
အဖူးဖြစ်တော့...
ဖူးသစ်အားစွင့်၊ ဝတ်လွှာဖွင့်၍
ပွင့်လိုက်စေချင်၊ ပွင့်တာမြင့်၍
ရင်ချမ်းမြေ့မည်...
အပွင့်ဖြစ်ပြီ...
ခင့်ဝတ်ရည်မြ၊ လိပ်ပြာလှနမ်း
မခမ်းစေလို၊ ပွင့်ဖတ်ကိုခြွေ
ကြေကြေခွေလေနိုး၊ ပူပန်စိုးထိတ်
ရင်ခုန်စိတ်ဖြင့်၊ အရိပ်ကြည့်ကာ
မပျက်ပါနော်၊ မျက်နှာမော်ဖူး
အချစ်ဦး....လေ
ကြည်နူးနေပျော်ခဲ့ပါလျက်....။
အရွက်ကျွန်တော်
တစ်သက်အဖော်ဟု၊ မျက်ဖျော်ရှုစား
သူ့အပါးမှာ၊ ခစားကျေနပ်
လေခပ်လျှင်အတူ...
နေပူလျှင်မခွဲ...
ရှိနေဆဲမှာ...
လက်ရဲသူက၊ ညှာတန်မြမှ

ပန်းလှကိုခြွေ၊ ခူးရက်လေသော်
ကိုင်းဖျားပေါ်၌...
ကျွန်တော်ထီးတည်းကျန်ခဲ့မည် ။

**မျက်သွယ်လည်ဆွဲ**
ဖြူဖြူစင်စင်
ပုလဲသွယ်လည်ဆွဲနဲ့
ပွဲထိုက်သူခင်...
ကမာကောင်တို့၏အသည်း (သဲ)
ပုလဲဆိုတဲ့မျက်ရည်ထင်
ခင်မဆင်ချင်ပါနဲ့။
ခင်မကြင်တမင်တိမ်းတော့မှ
ရင်ငြိမ်းအောင်မဖြေသာလို့
ကြွေအလာ ဝေဒနာ မျက်ရည်စကိုပဲ
ပုလဲလို တွဲခိုကာ ချစ်သူလှစေဖို့
ဆင်သကာ လည်မှာဆွဲ
ပျော်ပွဲဝင်လှည့်။

**တိမ်းသူစိမ်းသူ**
တိမ်နယ်တိမ်းမလား၊ တိမ်းစမ်းယိမ်းစမ်း
သည့်လိုတမ်းလား၊ ရှောင်စမ်းပါစေ
လေယူရာဝေး၊ ပြေးချင်ပြေးအုံး...။
မြသွေးစိုလျက်၊ ရွက်နလိုစိမ်း
စိမ်းစမ်းသစ်စမ်း၊ သည့်လိုတမ်းလား
စိမ်းကားပါစေ၊ ဝေဝေလွင်လွင်
ပင်ခြေခပ်သိမ်း၊ ပင်လုံးစိမ်းမလား....။
ကောင်းကင်အနံ့၊ ခြေဆန့်ရှောင်ရင်း
မိုးတွင်းတိမ်တိုက်၊ မိုးရွာလိုက်တော့
ခေါင်းငိုက်ဒူးထောက်၊ မိုးပေါက်ဖြစ်ကာ
ပြန်မလာလား...။
မိုးတွင်းသစ်ပင်၊ မြင်သမျှစိမ်း

ပင်လုံးစိမ်းစေ၊ နွေကိုရောက်လျှင်
ဝါကျင်ညိုးခြောက်၊ ပင်ခြေအောက်မှာ
ဒူးထောက်ကျကြွေ၊ မနေပါလား...။
ရွက်နုလိုစိမ်း၊ တိမ်နယ်တိမ်းသူ
စိမ်းလိုက်တိမ်းလိုက်၊ ရှောင်သွေလိုက်စမ်း
စိတ်ကြိုက်သလို မုန်းတော်မူ ။ ။

**လွမ်းသမုဒ်ပြင်**
ရင်မှာဖြစ်သည့်၊ ချစ်ခြင်းတေးန
ခံစားမှုကို၊ ယခုထက်တိုင်
မဆိုနိုင်သေး။
နုနုပျောင်းပျောင်း၊ သွယ်လက်ချောင်းဖြင့်
စောင်းကြိုးညှိရင်း၊ အတင်းအလျော့
အပျော့အမာ၊ အသံသာကို
ဖွေရှာမောလျက်၊ နာရီရက်တို့
သက်သက်ကုန်လွန်ခဲ့လေပြီ။
ဆိုမည့်တေးလဲ၊ ရေးပြီးမဟုတ်
အတွေးရှုပ်လျက်၊ အသီခက်၍
ဆိုရက်ဝေးကာ၊ ဝေဒနာနှင့်
ရင်မှာပြင်းပြ၊ ခံစားရသည့်
ဆန္ဒသာလျှင် ရှိခဲ့သည်။
မြနုရွက်ဆင့် ၊ ပန်းမပွင့်သေး
လေးနထွေး၍ ၊ အေးအေးသံသာ
ကြားနေပါရဲ့ ။
သက်လျာနသစ် ၊ အချစ်မျက်နှာ
မမြင်ပါသေး ၊နထွေးပါးလျား
နှုတ်ခမ်းဖျားမှာ၊ စကားချိုမြ
မကြားရပေ ၊ ခြေသံဖွဖွ
ရှေ့လမ်းမမှာ ၊ ကြားရုံသာရှိသေးသည်။
သခင့်အတွက်၊ ညှံ့သက်ကြည်သာ
နေနားပါရန် ၊နေရာထိုင်ခင်း

ပြင်ဆင်ရင်းနှင့် ၊အသင့်ဖြစ်လျက်
မီးခွက်ဆီဖြည့်၊ မညှိရသေး
မှုံရီမှေးမှိန် ၊ကိုယ့်နေအိပ်ထက်
သခင်တက်ရန် ၊ နှုတ်ဆက်မဖိတ်ကြားပါနိုင် ။
တစ်နေ့နေ့လျှင် ၊ သခင်နှင့်တွေ့
မွေ့ရမည်ထင့် ၊ မျှော်လင့်စောင့်စား
နေရပြားလည်း ၊ မြသားရွှေဥ
ချစ်သက်စုနှင့် ၊ ခုထိခုတိုင်မဆုံသေး...။

**ပန်းချစ်သူ**

ခင်...
ဆံယဉ်နွယ်မြိတ်သွယ်ချ
သိပ်လှလို့နန်းဆန် ။
ခင်ရယ်....
စပယ်ပန်ပါဦး
မြမြိတ်ထုံးကပိုရှိန်နဲ့
မြန်မာလိုမြန်မာအလှ
မြန်မာ့နည်းမြန်မာ့ဟန် ။
မောင်နဲ့တွေ့တော့လည်း
ကဲ...မျက်စိမှိတ်
တိတ်တတ်ကလေးအနမ်းခံ
ပန်းပန်နော်...ဟုတ်လား ။
တကတဲခင်...
ဘယ်သူမြင်ဘယ်သူသိမှာလည်း
ခင့်ကြည့်ရတာရှက်သလိုနဲ့
အို...အို...မျက်စိဖွင့်
ခင့်ပါးမှာကြည့်လိုက်စမ်း
နှင်းဆီပန်းအနီပွင့်
ထပ်ဆင့်ပန်ထား ။

**မီး သို့မဟုတ်**

အပူမီးရယ်လို့
အယူသည်းကာမတွေ့ချင်...
လောကခရီးမှာ
သောကချည်းလို့ ထင်ချင်ထင်...
တွယ်တာသမျှ သံယောဇဉ်
တစ်ရံရောတွင်က ပုံပြင်မဟုတ်။
အပူတစ်စကိုလည်း
သူမျှဝေလျှင် လက်ဆောင်ဖြစ်စေတော့
ယူပါရစေတစ်သက်နှောင်ရစ်ကာ
ချစ်မိသူ... ကဗျာအလှတမ်းရင်းသီထုတ်ရမယ့်
(သြော်)
ထာဝရလွမ်းချင်းရှည်တစ်ပုဒ်။

**ပိုးဖလံ**

အိပ်မက်မှာလား၊ စကားပြောဖော်
စိတ်ကူး ပျော်သစ်၊ မခေါ်ဖြစ်မင့်
အတွေးနှင့်ပင်၊ စွဲလမ်းချင်ခဲ့။
မြင်ခွင့်ရလဲ (လည်း)၊ အိပ်မက်ထဲက
လွမ်းဆဲမျက်နှာ၊ ကဗျာတစ်စ
ထာဝရဖြစ်တည်...
(သြော်)... ကာလနစ်ရှည်အမြဲတမ်း
စွဲလမ်းနေရတော့မှာလား....။
သံယောဇဉ်နှံ့ထဲ...
သမုဒယဝဲနစ်၊ အချစ်မြားစူးကာ
ဝေဒနာအဆိပ်တက်...
အိပ်မက်တစ်ခုမဟုတ်တော့သည့်အခါ...
သောကခြေရာထု
ရတနာတစ်ခုလိုစုစည်း
ရင်ထဲမှာ သိမ်းဆည်းရင်းနဲ့ကျွမ်း
အလွမ်းရင့်လို့နေ...

(ဒါပေမယ့်...)
ပန်းပွင့်လိုမကြွေတော့ပါလားကွယ်။

လွမ်းပွင့်
အလွမ်းနှစ်ကြာလျှင်
ပန်းသေတ္တာတွင်ပန်းတွေပြည့် ။
မလွမ်းလောက်လေသလား ။
ပန်းခြောက်တွေမကြွေသေးတာတော့
အနေဝေးကာတို့ တွေ့ခွဲရင်လဲ(လည်း)
ရင်ထဲကသခင်လုပ်ပါလို့
မြင်တတ်အောင်ကြည့် ။

**ကမ္ဘာသို့မဟုတ်**
နေ့ကိုကူးက ၊ လကိုမတွေ့
ညကိုမေ့၏ ။
ညရောက်ပြန်ချေ ၊ နေကိုမတွေ့
နေ့ကိုမေ့၏ ။
ကမ္ဘာမြေ....
နေနှင့်လည်းပျော် ၊ လနှင့်ပျော်ကာ
အဖော်ရှာ၍
မျက်နှာပြောင်းလဲမြန်တတ်သူ......

**ဖြောင့်ချက်**
လွမ်းဖို့ရှိတာ
သိလိုက်ပါကြောင်း
မျက်ရည်ချောင်းမှာ
ခေါင်းအုံးလေး မျှောနေ ......

**ခရီးသည်**
ကုလားအုပ်တကောင်ဟာ
သူ့ဘို့ထဲမှာ

ရေတွေကိုသိုလှောင်ပြီး
ကန္တရခရီးကိုသွားနေတယ် ။
လူတစ်ယောက်ဟာ
သူ့ရင်ထဲမှာ
အကြင်နာနဲ့နားလည်မှုတွေကိုသိမ်းဆည်းပြီး
ခွဲခွာခြင်းခရီးကိုစနေတယ်.....။

**တစ်နေရာစီ**
သမုဒယပုံပြင်
အစမှဝင်ယုံချင်မိ။
တမင်ကြံရင်ခုန်ဆဲမှာပေါ့
ယှဉ်မဆုံမြင့်ရုံနဲ့ ခွဲပြန်တော့
ရင်ထဲမှာမရေမရာနဲ့
တစ်နေရာသွေခွာမယ့်နိမိတ်ပေလား
ဝေဒနာစိတ်အပူတစ်စကို
သူမှုပြန်၏။

**ရင်ခွင်ပြောင်း**
အငုံကိုခူး၊ အဖူးကိုခြွေ
အားရလေသော်၊ ပွင့်ရွှေနီလွင်
လက်ပံပင်မှ၊ ရွက်ကျင်စိပ်စိပ်
တမာရိပ်ကို၊ အိပ်တန်းအမီပျံလေပြီ။
တမာတန်း၌၊ အပန်းလည်းဖြေ
ခိုနားနေကာ၊ တမာသီးမှည့်
စားသုံးဖြည့်လို့၊ အားပြည့်လေက
ငှက်ညိုမြလျှင်၊ ပညောင်ပင်သို့
ခိုဝင်နေနားခဲ့ပြန်၏။
ညောင်ရွက်ခတ်သံ၊ စောင်းညှင်းဟန်ကို
နားခံမငြီး၊ ကြည်မွေ့ပြီးကာ
ညောင်းသီးကိုစား၊ မျိုးပျော်ပါးရင်း
အားသစ်တဖန်၊ ဖြည့်ခဲ့ပြန်၏။

လက်ပံမှလျှင်၊ တမာပင်သို့
ရွှက်ကျင်ပြည့်သိပ်၊ တမာရိပ်မှ
ရွက်စိပ်ဝေလွင်၊ ပညောင်ပင်သို့
ဟိုဝင်သည်နား ၊ ဟိုနားသည်ပျံ
ဖူးတံကိုဖျက် ၊မြရွက်ကိုခြွေ
စားသုံးလေမှ ၊ ငှက်ရွှေညိုမြ
အသွေးလှကာ ၊ ဘဝမြဲမည်ထင်ပါသည် ။
မတည်မမြဲ ၊ဟိုသည်ဝဲလို့
မိုက်မဲကျင့်ပျက် ၊မြကျေးငှက်ဟု
ဆိုရက်သူက ၊ဆိုလေကြလျှင်.၊၊
မြငှက်ခေါင်းငုံ့ခံပါမည် ။

**အထောက်အထား**

ခင်ငယ်စဉ်က....
အင်းဝရာဇဝင် ၊သင်ဖူးဖတ်ဖူး
ကြားဖူးများပေါ့...
ကြော့ကြော့နချော ၊လှပသော...
စောဥမ္မာရဲ့ဇာတ်ကြောင်းလေ.....။
သတိုးမင်းဖျားက....
မိဖုရားစောဥမ္မာကို
ကြင်နာနှောင်ရစ် ၊ အချစ်ကြီးချစ်ခဲ့သတဲ့ကွယ် ။
တစ်နေ့ပေါ့....
သော့သွမ်းပုန်ကန် ၊သူပုန်ရန်မျိုး
ချိုးနှိမ်ရန်အသွား ၊သတိုးမင်းဖျားခမျာ
ကျောက်ရောဂါနဲ့ ၊သေခါနီးဖြစ်ပါလေရော...။
ရောဂါကျွမ်းလျှင် ၊ အဆင်ခြင်နိုင်
ရင်မှချစ်သော ၊စောဥမ္မာအား
တစ်ပါးသူလက်ဆက် ၊မစွန့်ရက်ခဲ့နိုင်
တွဲဖက်သေချင် ၊လင်နဲ့မယား
ဘဝခြားမှာ ၊နှစ်ပါးကြည်လို
ဆန္ဒပိုလို့ ၊ ကျွန်ကိုအသတ်ခိုင်းလိုက်သတဲ့ ။

စောဥမ္မာက ၊မာယာနှင့်ညှ
နစေပျော့စေ ၊မြှူဆွယ်လေရင်း
ညတွင်းချင်းပင် ၊မင်းစေကျွန်အား
လက်ျာထား
နှစ်ပါးကြည်ဖြူနန်းသိမ်းလိုက်သတဲ့ ။
ဒါပါပဲခင်....
ရှင်ဘုရင်ကို ၊အချစ်ပိုကဲ
ရောဂါသဲ(သည်း)တုန်း ၊အဆုံဖြတ်မှား
ချစ်အားကြီးသူ ၊စိတ်မှတ်ယူလို့
ပြုံစူမိခိုက်...။
ခင်တို့လိုမျိုး ၊မိန်းမဆိုးတို့
မညှိအမြှု ၊တတ်နိုင်သူဟု
ခုတွေ့ခုချစ် ၊ဖြစ်သလိုကြိုက်
စည်းစိမ်တိုက်ကို ၊နှစ်ခြိုက်ခံမင်
အဆင်မခြင် ၊လင်အဖြစ်ရွေး
ဝန်မလေးသူ...
ပေးခဲ့ကတိ ၊ရှိခဲ့သစ္စာ
မရေရာသူ...
ရင်မှာအမုန်းပွားတယ်ခင်...။
ခင်ငယ်စဉ်က...
သင်ဖူးဖတ်ဖူး ၊ကြားဖူးလေသော
မိန်းမချော...
စောဥမ္မာတို့ဇာတ်ကြောင်းလေ...။
**ဥယျာဉ်မှူး**
မရူးရက်ပါ...
ဆူးချက်ကိုကြောက်လို့မဟုတ် ။
မဆင်ရက်ပါ ....
ပင်ထက်ကိုမမီလို့မဟုတ် ။
မနမ်းရက်ပါ...
အလှမ်းခက်မှာစိုးလို့မဟုတ် ။
ရူးချင်ဆင်၊ယုယချင်မင့်

သခင့်အတွက်ပင့်သက်ဟာ 'ကဗျာ'….
'ကာရန်' ဟာ အိပ်မက်ပေမို့
ရက်လမှ နှစ်တွေပြောင်း….
ဩော်….အသက်တမျှချစ်နေကြောင်းကို
ရေလောင်းပေါင်းသင် ပြုပြင်ဖူးပါတဲ့
ဥယျာဉ်မှူးလိုကျွန်ုပ်။

**လွမ်းရဲတယ်**

သူမေ့ပြီလား
လူတွေ့ရန်မဆိုထားနဲ့
နှစ်ကိုယ်ကြားရုံ ဖုန်းဆက်တဲ့ခလေ့တောင်မှ…
ဩော်…မုန်းရက်လို့မေ့ပြီထင်….။
ကြားယောင်ကာ
နားထောင်ရတော့မလားရယ်နဲ့
သူ့စကား မှသားတောင်ယုံချင်တတ်သူမို့
(သူပြောလျှင်)
ပုံပြင်ပင် တကယ်မှတ်ပြန်တော့
မလည်ပတ်သူလို့သူငြိုငြင်…။
မလွမ်းတက်လို့လား
လွမ်းတက်သူမပူရှိနိုင်ပါ့
သူသိအောင်ဘယ်လိုပြောရမလဲ
ဘယ်လိုမောကာဘယ်လောက်ရင်ဆို့ပေမယ့်
ခင်မို့လို့ တစိမ်းပြင်ပြင်
စိမ်းချင်ချင်နဲ့ စိမ်းနိုင်ရက်။
ခင်ခင်စိမ်းပေမယ့်
ရင်ငြိမ်းအောင်အပူမသတ်နိုင်လို့
အပူဇာတ်ကိုအခန်းဆက်နေတဲ့
ပန်းသက်သေဝေဒနာပွင့်တွေက
လွမ်းရက်ရှည်ကြွေကာ မရင့်ပြန်တော့
ခင်ခင့်လိုဘယ်သူခွဲနိုင်မလဲ
ပူရဲတယ် သည်ရင်ကျွမ်းအောင်

လွမ်းတော့ဆယ်သက်။

**လိပ်ပြာလေး**

ညနှင့်လိပ်ပြာ၊ စိတ်ကဗ္ဗာတွင်
ချာလည်ဝဲဝေ့၊ မွေ့ပျော်လွန်းစွ
ညလည်းမှောင်မှောင်၊ သန်းခေါင်ယံထောက်
လမ်းစပျောက်ရင်း...
စိတ်နောက်ခြေလှမ်းပျက်ရသည်။
ညကိုမပစ်၊ လကိုချစ်၍
မူးယစ်ဝေသီ၊ ဂီတလှိုင်းများ
လှုပ်ကား၏၊ ပိုးသားစောင်းညှင်း
တေးသီချင်းဖြစ်၊ နှင်းထုကိုလွှင့်
အချိန်မြင့်တိုင်၊ ညဥ့်ကိုနှုတ်ခွန်းဆက်လိုက်သည်။
တစ်ခါတစ်ခါ၊ ' သစ္စာ' တရား
အရှာသွားသူ၊ နှုတ်ဖျားလွင့်ခွေ
"ရေမြေအဏ္ဏဝါ.... ကမ္ဘာမြေခြားရာဝယ်...."
ရောင်ဖယ်ထွက်ပြေး၊ ရှာလေဝေးသည့်
တေးဖြင့်ညဥ့်ကိုလွှမ်းခြုံသည်။
အမှောင်ထုဝယ်
' စပယ်' ... ကိုချစ်၊ မြနသစ်မို့
"ချစ် ချစ်ဖို့ကောင်းလွန်းတယ်... စပယ် ... စပယ် ...."
နုနယ်လှုပ်ရှား၊ တေးသွားသီရင့်
အနမ်းဖြင့်၊ ညဥ့်၏နှုတ်ခမ်းနားခိုသည်။
တေးလေလိပ်ပြာ
စိတ်နာသီကျူး
"ပွင့်ဦး" ကြွေတိုင်း....
" အရိုင်းစပယ်မို့ပစ်ပယ်... ပန်တော်မဝင်တယ်"
ရင်ဝယ်လှိုင်းခတ်၊ ဖျတ်ဖျတ်နာကျင်
ညဥ့်၏ရင်မှာ၊ ပင်လယ်မျက်ရည်ဝေရသည်။
သုံးနှစ်သုံးခါ၊ ရာသီပြောင်းရင့်
ညဥ့်တို့လွန်၍ နေ့ကိုမခင်

နေမမြင်အား၊ ဝိုးဝါးထင်မိ
အသိနှင့်စိတ်၊ လအရိပ်မှာ
ယိုဖိတ်တွယ်ရင်း၊ လေပြင်းတိုက်ခတ်
တေးသံရပ်၏၊ တောင်ပြတ်လိပ်ပြာ
ဦးတည်ရာကင်း၊ ညဥ့်ခံတွင်းမှာ
ပျံ့ရင်းလမ်းပျောက်ရတကား။

**မုဆိုးတစ်ဖြစ်လဲ**

ပန်းညွန့်ညှာချိုး၊ နံ့သာခိုးသူ
မုဆိုးကျွန်တော်ဖြစ်ပါသည်။
တစ်ပွင့်သာမင်၊ တစ်ပင်သာစိုက်
ရှူးမိုက်သည်ထင်၊ ကျွန်တော့်ရင်မှာ
အပင်မပျိုး၊ မြတ်နိုးရာပန်း
လက်တန်းဆွတ်ခြွေ၊ ကျေနပ်နေလိုက်။
ကျွန်တော့်မှာ....
နံ့သာသင်းထုံ၊ ငုံစပွင့်စ
ပန်းအလှတွေ၊ ရသလောက်ခူး
စိတ်ကြည်နူး၏၊တစ်ဦးတည်းသာ
ပန်းသေတ္တာနှင့်...
မာလာနန်းတော်ဆောက်ခဲ့သည်။
ကာလကြာလျှင်....
တစ်ပင်သာပျိုး၊ မြတ်နိုးသူတွေ
ရေမြေလေနှင့်၊ အခန့်သင့်လို့
ပွင့်ကြငုံကြ၊ နံ့သာမြနှင့်
အလှနသစ်နေချိန်ဝယ်....။
ကျွန်တော့်လိုမျိုး...
နံ့သာခိုးသူ... ၊ မုဆိုးလက်ကျ
ပန်းမရတော့ ၊ကာလရှည်ကြာ
ပန်းသေတ္တာလည်း ၊ဝတ်လွှာညှိုးခြောက်
အလှပျောက်ကွယ် ၊တွယ်တာစရာ
ရင်ဗလာနှင့်....

မာလာနန်းတော်ပျက်သတည်း ။

**ရင်းစားမရနိုင်းသောအရာ**

ချိုမြိန်သောအရသာ...
`အောင်မြင်ခြင်း`...မှာရှိတတ်ပါတယ် ။
ထိခိုက်သောဝေဒနာ
`ဆုံးရှုံးခြင်း`....မှာရှိတတ်ပါတယ် ။
ထာဝရအောင်မြင်နေခြင်းဟာ
တစ်ကြိမ်တစ်ခါဆုံးရှုံးခြင်းကို
ဖုံးလွှမ်းမေ့ပျောက်အောင်
စွမ်းဆောင်နိုင်ခြင်းအရှိပါလေ....။
ထိုတစ်ကြိမ်တစ်ခါဆုံးရှုံးခြင်းသည်ကား
`နှလုံးသား' ......... ကိုစွန့်လွှတ်လိုက်ရခြင်းတည်း ။

**ပျောက်ဆုံးခြင်း**

အရှေ့နေဟာ.......
တစ်နေ့တစ်ခါထွက်တယ် ။
ရာသီပန်းပွင့်သစ်တို့
တစ်နှစ်တစ်ခါပေါ်မယ် ။
အာရုံများ၏အရိပ်
မျှော်လင့်ခြင်းစိတ်ပေါ်မှာတည်ပါတယ် ။
နေဝင်တော့မယ်ကွယ်....
နောက်တစ်နေ့နေထွက်ဖို့လေ...။
ပန်းတွေနွမ်းတော့မယ်ကွယ်...
နောက်နှစ်နောက်ရာသီပွင့်ပို့လေ...။
ချစ်သူကခွဲသွားသည့်အခါ...
ရာသီပန်းမဟုတ်...
အရှေ့နေအဟုတ်သည့်အတွက်...
မျှော်လင့်ချက်သည်....
..................................
....................................

**ထွက်ဆိုပါသည်**

သံယောဇဉ်ဖြင့်…
နှောင်ငင်တွယ်ရစ်၊ ကျွန်မချစ်မိ
အပြစ်ရှိသည်။
တွယ်ငြိခြင်းဖြင့်…
ရင်တွင်းစူးနစ်၊ ကျွန်မချစ်မိ
အပြစ်ရှိသည်။
အတွယ်အတာ၊ ဘယ်အရာဖြင့်
ဖယ်ခွာလို့ရ၊ ကျွန်မ မသိ
ဝဋ်ရှိလေသမျှ၊ ချစ်မိနေရပါသလား။
နလုံးသားမှာ၊ အနာတရ
ထာဝရဖြစ်တည်…
(အခုတော့….)
ကျွန်မချစ်မိအပြစ်ရှိသည်။

**နာတာရှည်**

ရေခဲတုံးကလေးလိုတစ်ခဏ
အရည်ပျော်ကျမသွားတာ…
ပရုပ်လုံးလေးလိုကြာကြာမခံ
အငွေ့ပျံပြီးပျောက်မသွားတာ…
ဝေဒနာ…
စေတနာ….
အကြင်နာ…
မမြင်သာဘဲတွေ့
မမေ့သာဘဲလွမ်းတဲ့…
တမ်းတခြင်းအိပ်မက်ရှည်….။

**ရင့်ကျက်ချိန်**

တစ်ပွင့်ပျက်လို့
ပင့်သက်ချခဲ့ရတယ်ခင်…

တစ်ခက်ကြွေလို့
မျက်ရည်ကျခဲ့ရတယ်ခင်...
တစ်ပင်ညှိုးလို့
ရင်းကျိုးခဲ့ရပါတယ်ခင်...
တစ်ပွင့်သာမင်၊ တစ်ပင်သာတွေ့
အလေ့ကျပန်း၊ နွမ်းရှမွှကြေ
အပင်သေသော်၊ ကျွန်တော်လိုမျိုး
ပန်းမြတ်နိုးသူ၊ စိတ်ညှိုးပူပန်ရတယ်ခင်...။
မျိုးစေ့ရှိလျှင်၊ အပင်ရှင်၏
အပင်ရှိက၊ အပွင့်ရ၏
လှရာရွေးလိုက်၊ ကြိုက်ရာစိုက်လေ...
ရေမြေလေရှိ၊ ပန်းပွင့်ရှိမည်
အဘိဓမ္မာ၊ ရုပ်သစ္စာကို
လေ့လာထိတွေ့၊ သည်ယနေ့မှာ
အလေ့ကျပန်း၊ ညှိုးခွေနွမ်းလျှင်
အဆန်းလုပ်၍မငိုချင်....။

နှင်း
နွေဦးနှင်းလို၊ ဆောင်းတွင်းနောင်းလွန်
ခရီးကျွံရ၊ ပိန်းပိတ်ကျလည်း
ခဏတစ်ဖြုတ်၊ အတုလုပ်သလား
သူ့နူတ်ဖျားက၊ ယုံမှာလေရက်
အခြေက်ခက်စွ၊ နေထွက်သည်နှင့်
ဝေးဝေးလွင့်မည်၊ သခင့်ရာသီ
တာရှည်မရဲ၊ နူတ်ဆက်ခွဲသော်....
ကြေကွဲ တ လျက်၊ ဝိညာဉ်ဆက်၍
အိမ်မက်တိုင်းမှာနှင်းဝေမည် ။

ခင်
ဖျက်ခနဲဝင်
ခင်က လေရှူး ..........

ပန်းရူးတဈွေ ။
ဆက်ခနဲကျင်
ရင်မှဝေဖူး
ပန်းဦးအခွေ ။
တိမ်အရုပ်လား
တိမ်ပါးတတ်စွာ
ဗလာအသဲ (သည်း )
ရင်ထဲအတုတပ်ထားတဲ့စက် ။
မငြိမ်လှုပ်ရှား
စိမ်းကားဖြတ်ခွာ
မာယာအဆင်ခွဲ
ခင်လဲ .............
သုဘဒ္ဒါမိဘုရားရဲ့အဆက် ။

## ညို

ဟိုး ..... တောင်ထိပ်မှာ
မိုးရိပ်ညိုညို့ ၊ မှိုင်းရီဆို့လျှင်
ပိုလို့တမ်းတ၊ သတိရလျက်
ဖြေပြေခက်လို့...
မျက်ဝန်းထဲမှာ မိုးရွာပြီညို...။
ဒါပါပဲကွယ်...
ပုံပြင်ရယ်ထား၊ အိပ်မက်များလို
မေ့သွားနိုင်ရိုး၊ အဖြစ်မျိုးလား
မြတ်နိုးနှောင်ရစ်၊ သောကဖြစ်လျှံ
ချစ်ခြင်းဆင်းရဲ၊ မိုးသားမည်းညို
ပြိုမည်အုံးအုံး၊ မိုးထစ်ခြုံးပြီ...
နှလုံးသားတောင်ထိပ်က အလွမ်းမိုးရိပ်တွေပါညို။

နေ့စွဲမရှိတဲ့အချစ်
မမေ့ရဲပေမယ့်
တစ်နေ့ခွဲမှာတော့သိတယ်ခင်။

နေ့စွဲမဲ့အချစ်
မမေ့ရဲတဲ့အဖြစ်တွေမို့
(ကနေ့လဲ)
သစ်ဆဲသစ်မြဲလို့ထင်။
ဘာသံမှ မကြားချင်ဘူးနော်...တဲ့
အမိန့်တော်လိုအမှာစကားတွေနဲ့
အခါတစ်ပါးကသူ့သံစဉ်
အခုပြန်မြင်ရဲ့ သူ့အမူအနွဲ့။
တစ်ရံတစ်ခါဆီက
ဒဏ္ဍာရီလိုအဖြစ်တစ်ခုလို့
ချစ်သူ့အတွေးမှာပုံပြင်မှတ်ပါသလား
စိတ်ပြတ်နှာ မာနအငွေ့တွေနဲ့
တိမ်းဖြတ်ခွ ထာဝရမေ့ချင်လို့
မတွေ့သာအောင်သခင်ခွဲတာင်မှ
ရင်ထဲမှာဝေဒနာကျွမ်းကာ
(အချစ်ရယ်) လွမ်းလို့ကျန်ရဲ့။

**ဝေး**

လွမ်းမျက်ရည်ဝေဒနာပေးချင်လို့
ပန်းသက်သေခြေရာကလေးတွေနဲ့
သွေ့ခွာပြေးပုန်းသူခင်။
အတိမ်းခက်ပေမယ့်
စိမ်းရက်တယ်ငြင်ငြိုမလား
ရင်ကိုခွဲကာသခင်ကြည့်လျှင်ဖြင့်
မြင်မိမယ်ထင်။
သမုဒယဆိုတဲ့ချစ်ကြိုးတစ်မျှင်
ရစ်တိုးငင်လို့အဝိဇ္ဇာလွှမ်း။
ပူပူသွေ့ကိုတော့
သူ... သူတွေ့ကာဘယ်လိုသိနိုင်မလဲ
ရင်ထဲမှာကျွမ်းမြေ့ဆွေး
ဝေး.... ဝေး... ကလွမ်း။

**မာနကိုအပ်နှင်းခြင်း**

သူငြင်ပြိုလျှင်
ခွန်းချိုစကား၊ ကြားချင်ခဲ့လျက်
မပြောရက်ရဲ၊ ပြောခက်ခဲ၏။
သူမေ့ချင်လျှင်...
မြင်လိုလျက်လဲ(လည်း)၊ မကြည့်ရဲပါ
ခွဲခွာခက်နီး၊ ပူပန်းစိုး၏။
သူပျော်ချင်သော်...
ပူပင်သောက၊ ရှာမီးစခဲ
ရင်ထဲသိုလှောင်၊ လောင်မြိုက်ခြင်းဒဏ်
ကျွန်ပ်ခံ၍၊ မြုပ်နှံကြေကွဲ
နေခဲရဲမည်...။

**ဥဩ**

နွေအကြိုငှက်၊ နွေရက်မှပဲ
တေးဆိုရဲသော၊ ဥဩဖြစ်လျက်
ဆောင်းနှင်းစက်ကို၊ တွယ်မက်သည့်တိုင်
ပိုင်ခွင့်မရှိ၊ ကြည့်ခွင့်မကြုံ
ဆုံခွင့်မရ၊ တစ်ဘဝစီ
ရာသီမတူ၊ သူကဆောင်းနှင်း
ဆောင်းတွင်းမှာဝေ...
ပျော်ပါးစေလား၊ စကားလွမ်းချင်း
ဖွဲ့သီရင်းနှင့်၊ နှင်းကိုတမ်းတနေတတ်သူ။

**လျှပ်ပန်း**

မေ့မှာစိုးလို့...
မြတ်နိုးတွယ်ငင်၊ သံယောဇဉ်ဖွဲ့
မြင်ကြည့်လှည့်လေ...၊ သိစေချင်သည်။
ဝေးမှာစိုးလို့...
နှောင်ကြိုးပတ်ရစ်၊ ထပ်ထပ်သစ်ချည်

နားလည်ငဲ့ညှာ၊ မခွာရက်ရဲ
မခွဲနဲ့နော်...၊ ခေါ်လိုက်ခင်သည်။
လွမ်းမှာစိုးလို့...
မြတ်နိုးမိခြင်း၊ နှောင်ရစ်တင်းသည့်
ချစ်ခြင်းတစ်စ၊ သမုဒယအပူ...
သူ့မှသူဆိုသည့်အစွဲ၊ ရင်ထဲမြေ့ကျွမ်း
ကိုယ်ပဲလွမ်းမယ်...
တမ်းတမြိုက်ဆူ
ကိုယ်ပဲယူမယ်...
သူမသိစေ၊ ရှိပါစေတော့
ကြာလေလေဝေး၊ ဝေးလေလေမေ့
မေ့လေလေပျောက်၊ အိပ်မက်လောက်သာ
ထင်ပါစေကွယ်၊ တကယ်ဆိုက
တစ်ဘဝတစ်လမ်း၊ ခဏလမ်းကြုံ
လျှပ်ပြက်ရုံမျှ၊ ပုံပြင်ကလေးပဲမှတ်လိုက်နော်။

**မေ့ပျော်ခြင်း**
သူ့ကိုတွေး၍
မေးပျော်ထက်ဝက်၊ အအိပ်ပျက်ည
အိပ်မက်ပါရစေ...
သူ့ကိုလွမ်း၍
ကျွမ်းမြေ့နေဆဲ၊ ဖြေလဲ့မရ
ကြေကွဲပါရစေ...
သူ့ကိုချစ်၍
လွမ်းသစ်လောင်မြိုက်၊ အပူတိုက်သမျှ
ယူလိုက်ပါရစေ...
သူကစွန့်ကာ
ခွဲဝံ့ချန်ရက်၊ သောကလက်ဆောင်
တစ်သက်နှောင်၍၊ တမြေ့မြေ့ကြွေ
နေ့နေ့တွေမှာ၊ ဝေဒနာသစ်
ခြေရာဖြစ်ရော့...

အပြစ်ဒဏ်ထား၊ အသစ်ခံစားစေ
အပူဝေလျှင်....
(သြော်...) သူကျေနပ်အောင် ကျွမ်းမြိုက်မည်။

**အချစ်**
ပြက္ခဒိန်မရှိ...
ရက်အချိန်မသိ...
နာရီမရှိ
ရာသီမညှိ
မအိုသည့်အရာ
ထာဝရအလင်တန်း
ဘဝရဲ့စမ်းအိုင်ကလေးတစ်ခု၊

**နယ်နိမိတ်**
တိမ်လိုလွင့်လျှင်
ကောင်းကင်ထဲသာ
လွင့်မျောမှာလေ...
လှိုင်းလိုပြေးလျှင်
ပယ်လယ်ထဲသာ
လိမ့်လူးမှာလေ...
ဘယ်လောက်ဝေးဝေး
အတွေးထဲမှာ...
ရင်ထဲမှာလေ...
ဝေဒနာကောင်းကင်
ဝေဒနာပင်လယ်...
သည့်ထက်ကျယ်လို့
ဘယ်မှာဘယ်သူပုန်းမလဲ။

**နောက်ဆုံး**
မပိုင်ပန်းတည့်...
တမ်းတသည့်ဝန်၊ ကိုယ့်အလွန်လေ

ဘာသာဖြေမိ၊ တွယ်ငြိသမျှ
သောကနှံ့ဝင်၊ လျှော့ဖြေချွတ်၍
လွတ်မြောက်ခွင့်အား၊ ပေးသနားပါ။
မဆိုင်မုန်းသိ...
လွမ်းသနစ်ကျွံ၊ လွန်လေပြီးသော
သံယောဇဉ်ဇာတ်၊ မမေ့တတ်၍
ဖြတ်ခက်ဝေးခက်၊ ပြေးထွက်မရ
သမုဒယတိုး၊ ကိုယ့်အဆိုးပါ
မြတ်နိုးခြင်း၏၊ အပြစ်ရှိက
ခံပါရစေ...။
မနင်လေလဲ...
ခွဲဝံ့စွန့်ထား၊ နလုံးသားကို
နားလည်နေရင်း၊ နားလည်ခြင်းဖြင့်
ရင်တွင်းကျွမ်းလောင်၊ သူပျော်အောင်တွက်
ဒီတစ်သက်မှာ...
နှုတ်ဆက်ခဲ့မည်...
နှုတ်ဆက်မည်လေ....။

**ဆက်ခြင်းနှုတ်**
နှုတ်မဆက်ရဲပေမယ့်
ရှုတ်တရက်ခွဲလိုက်ပါပြီခင်...။
ခင်နင်းမယ့်ပြမ်းကို ခင်ဆင်
ခင်လျှောက်ချင်တဲ့လမ်း ခင်ဖောက်
လမ်းခွဲရောက်မှတော့
ဝမ်းနည်းလောက်စရာမငိုကြေး
ဟို.... အဝေးမှာပဲသူစိမ်းပြင်ပြင်...။
ခဏတာအပျော်မချစ်ပေမယ့်
ဘဝမှာအဖော်မဖြစ်လေတော့
မျှော်ရစ်လျှင်သူနောက်ဆံတင်းလေမလား ........
သံယောဇဉ်အကျန်အကြွင်းကိုလဲ
မာန်တင်းကာခင်ခင်ဖြတ်ပါတော့

အမျှင်မပြတ်သမျှရှေ့ခရီးမတွင်
မေ့ပြီလျှင်ခင်ပျော်နိုင်ရဲ့ ။
စိမ်းပြတ်နာမနမမွေးပေမယ့်
တိမ်းဖြတ်ခွာထာဝရဝေးသင့်ပြီမို့
ဝဋ်ကြွေးကျန်အပူစကိုပဲ
ယူမျှကာတစ်သက်လွမ်းပါရစေတော့
ခင်ဆင်တဲ့ငြိမ်း ခင်နှင်း
ခင်ခင်းတဲ့လမ်းခင်လျှောက်ကာ
ဝမ်းမြောက်ကြည်ရွှင်နေတတ်ပါလို့
ကျေနပ်စွာအဖော်သစ်နဲ့.......
ခင်ရယ် ........
ပျော်ရစ်ကျန်ခဲ့...... ။

**ချစ်သူ**

မျက်စိမှိတ်ထားပါလျက်
ကောင်းကင်ကိုသတိရသည့်အခါ
တိမ်များကိုမြင်နေရပါသည်။
အလွန်ဝေးကွာသည့်အရပ်ကိုရောက်နေပါလျက်
ပင်လယ်ပြာကိုစဉ်းစားမိသည့်အခါ
လှိုင်းပုတ်သံကိုကြားယောင်နေတတ်ပါသည်။
အခန်းကျဉ်းထဲမှာအိပ်နေပါလျက်
ဥယျာဉ်ထဲသို့စိတ်ရောက်သွားသည့်အခါ
နှင်းဆီရနံ့ကိုခံစားရရှိနေတတ်ပြန်ပါသည်။
သေဆုံးသည်အထိ
မှတ်မိကျွမ်းဝင်သွားစေမည့်အရာမှာ ........
ချစ်သူသာဖြစ်ပါ၏ ။

**အပိုင်း (၂)**

**ချစ်သူလာလေ**

(၁)

ချစ်သူလာလေ
အိမ်မက်ရှည်ကို ၊မျက်ရည်သုတ်လိုက်
မိုက်မှဖြစ်မယ် .......။
(၂)
ဆင်းရဲခြင်းက ၊ တံခါးမသို့
ခြေချရောက်လျှင် ၊ ပျော်ရွှင်တတ်ခြင်း
ပြတင်းဝမှ ၊ ခုန်ချပြေးထွက်
မနက်ညစာ ၊ ဝမ်းဗလာကို
မေတ္တာနဲ့ဖြည့် ၊ ပြည့်ပွဲမလား
နားလည်သားပေါ့ .......။

(၃)
နှစ်ကိုယ့်တစိတ်၊ ချစ်ရိပ်ဝေဝေ
ထမင်းရည်နှင့်၊ ဖြေသာဖြေသာ
စေတနာပို၊ သူ့ကိုကိုယ်ကြည့်
ကိုယ့်သူကြည့်နှင့်၊ ဝမ်းပြည့်တယ်ဆို
ကိုယ်မယုံရဲ...။
(၄)
ခင်လဲအသိ...
လက်တွဲသည့်နောက်၊ လျှောက်ဖို့မနီး
တို့ခရီးတွက်၊ နည်းနည်းဖြစ်စေ
ထောက်ကူလေမလား၊ နှစ်ဦးသားတွေး
လေးငါးခြောက်နှစ်၊ ခြစ်ချုပ်ငွေစု
နအိလုစွာ၊ ကတ္တီပါဘိနပ်
ဈေးကြီးဖြစ်ပေး၊ ဝယ်မိသေးရဲ့
ကြေးကြီးတဲ့ဘိနပ်နှစ်ရံကို...။
(၅)
တို့ခရီးလမ်း...
ရှုံ့ကြမ်းထူထပ်၊ ဘိနပ်ကတ္တီပါ
အရာမဝင်၊ ခင်လဲ(လည်း) သိရဲ့
ဒါပေမယ့်လေ...

ရှိစေတော့ခင်၊ မှားပြီးပြင်ခက်
ရေ့ဆက်ဖို့လေ
ဝေသွန္တရာ၊ ဇာတ်တော်မှာလို
ရှာနိုးရှာနိုး၊ ရွှေမိုးငွေမိုး
မမျှော်ကိုးသာ
ရာသီမသိ၊ ပန်းနှင့်ညှိယှူ...
ကြည့်စမ်းပါခင်...
ဘာပန်းမြင်သလဲ...
ဘယ်ခွင်ဘယ်ဂြိုလ်...
ဘယ်လိုရာသီ ခင်အသိ...။
**(၆)**
တစ်နေ့ တစ်နေ့....
တစ်ကွေ့ကွေ့ပေ့ါ၊မြေ့အောက်မှာနေ
သစ်ပင်မြစ်တွေက၊ ပန်းပွင့်ရမယ်...
ယုံကြည်တယ်လေ...
တကယ်တော့ခင်၊ အမြင်အသိ
ပန်းပွင့်ရှိနေတာ၊ ခေါင်ဖျားမှာဖြစ်...
အမြစ်ပွင့်မှ၊  ပန်းပန်ရလျှင်
ဆံမျှင်ခေါင်းဖြီး၊ ပန်းပန်ပြီးမှ
လက်တွဲရလျှင်...
ခင်ရောကိုယ်ရော၊ လောကနောက်စွန်
တမလွန်ထိ၊ ပန်းပွင့်ရှိပဲ့မလား...
စဉ်းစားရင်းလေ၊ မတွေဝေနဲ့
ဝေနေသည့်ပန်း၊ အတင်းလှမ်းဆွတ်
ဖွတ်ယူမှပဲ၊ လက်တွဲရမယ်
ခင်ရယ် သည်တော့...။
**(၇)**
ချစ်သူလာလေ...
အိပ်မက်ရှည်ကို
မျက်ရည်သုတ်လိုက်
မိုက်မှဖြစ်မယ်...

**ပန်းသတင်း**

နှင်းဆီပွင့်ကိုကိုင်ထားရင်း
လေညင်းထဲကနှင်းဆီရနံ့
လည်ဆန့်ခေါင်းမော်
ဘာကြောင့်မျှော်မလဲ။
တွေ့ဆုံခြင်း၏အခြားမဲ့၌
ရွက်နုကလေးတွေ...
မဝေခင်တလောက
ရွက်ကြွေတောမှာပင်စည်အထီးကျန်တယ်။
ဥသြကလေးတွေ
မတွန်မီတစ်လက
နှင်းမှုံရိပ်ဝေ မြူတွေသည်းထန်တယ်။
ခင်ခင်ရယ်...
ရင်ခုန်ခြင်းခဏဟာ
ဝေဒနာရဲ့အစပါ
မပြေလည်တဲ့ဘဝမှာ
မကျေနပ်ခြင်းဖြင့်သာ
ရင်မှာကျွမ်းဆူဝေ..။
တွေ့ဆုံခြင်းတွေ
မတိုင်မီကတည်းက
ခွဲခွာမှုကိုကြိုတင်တွေးပါတယ်။
ပျားရည်အနမ်းတွေ
မဝေမီကတည်းက
မျက်ရည်ဥကို
ကြိုတင်စုပါတယ်။
ခင်ခင်ရယ်...
မပြေနိုင်တဲ့အရသာ
တွယ်တာမှုသမုဒယပါ
မနေပျော်တဲ့ဘဝမှာ
မပျော်ရွှင်ခြင်းဖြင့်သာ

ရင်မှာညှိုးပူစေ…။

**ပတ်ဝန်းကျင်**

မုန်တိုင်းတိုက်မှ
ပန်းကြွေကျတာ
မဟုတ်ပါဘူး
လေရှူးဝေ့ရုံ
နှင်းထန်ရုံနဲ့
ပန်းငုံလေးတွေ
ကြွေတတ်ပါတယ်။

မေတ္တာရပ်ဝန်း
သွားစို့မေ
နေခြည်နုထွေး၊ ကျေးမြသံချို
ထိုနေရာသို့
လရိပ်မျှင်တန်း၊ ညမွှေးပန်းနံ့
ပျံ့ဆွတ်ဝေရီ၊ ကြည်နူးနှစ်လို
ထိုနေရာ၌။
မျက်ဝန်းညှို့ရိပ်၊ စိတ်ကောက်ပြုံးထန်
နားလည်ရန်ခက်၊ မေ့နိုင်ရန်စွ
သံသယနှင့် ၊မာနလေးများ
ထားခဲ့မိလျှင် ၊အကြင်နာငှက်
တေးမြွက်မသီ…။
မုန်းမေ့ရဲခြင်း ၊ ရက်စက်ခြင်းနှင့်
တင်းပြတ်ဖောက်ပြန် ၊သူစိမ်းဆန်လျှင်
ဒဏ်သင့်ကြွေနွမ်း ၊သစ္စာပန်းငုံ
မထုံမပျံ့ ။
သွားစို့မေ…
နေစို့သည်မှာ…
နှစ်တစ်ရာထိ…။

**ကံ့ကော်တောသို့ နောက်တစ်ခေါက်**

ကျောင်းဖွင့်ပြီဆို
မြရည်ဆွတ်သော၊ ကံ့ကော်တောလျှင်
ငယ်သွေးဝင်စ၊ အပျိုမလို
အလှနသစ်ဝေပြန်ပြီ။
မရောက်ကြာရှည်၊ သည်နေရာတွေ
ခြေရာချင်းထပ်၊ ဇာတ်လမ်းလေးများ
ထားခဲ့ဖူး၏၊ သတိရသား
အတွေးများနှင့် အင်းလျားကန်ဘက်ရောက်ခဲ့တယ်။
ဟို... တစ်ခါက
ရတနာရှေ့၊ ဝေ့လည်ဝဲလည်
ရစ်သီလျှောက်ကာ၊ မျက်နှာရွှန်းမြ
မြင်ရမလား၊ သွားလာခဲ့ပုံ
အုတ်ခုံလေးနား၊ စကားခွန်းစ
ရင်ခုန်ရပုံ၊ အတွေးစုံနဲ့
မလုံမလဲပြုံးရသေး...။
သည်သစ်ပင်အောက်၊ ရင်ချင်းပွေ့အပ်
မွန်းကြပ်အနေခက်၊ ဖက်တွယ်ရှိုက်နမ်း
သိပ်ကြမ်းတယ်ကွယ်၊ ကျီစယ်ပြောဟန်
မာန်လျှော့စိတ်လျှော့၊ ကဲ.... နမ်းတော့လို့
ငေါ့လိုက်ပုံလေး...မြင်ယောင်သေးတော့
အတွေးထဲမှာရှက်သလို...။
သည်နေရာပေါ့...၊ ရင်မှာဆတ်ဆတ်
ချစ်သူဖြစ်လို့၊ ရပ်တည်မရ
လွမ်းနာကျပုံ၊ ပူဆွေးပုံတွေ
အာရုံထဲမှာအသစ်ထင်...။
ဩော်...သည်ကထွက်လာ၊နှစ်တွေကြာပေါ့
အာရုံနသစ်၊ ဝဲလည်ရစ်နေ
ပျိုမျစ်ဘဝ၊ တမ်းတမိပြား
စားဝတ်နေမှု၊ လူမှုဒုက္ခ
ဘဝဒဏ်သင့်၊ အရွယ်ရင့်လာ

ငှါမျက်နှာမူ....
ဇရာရိပ်တို့သန်းပြီတည့်။

**ခရီးဖော်**
အမှောင်လမ်းမှာ
ခြေလမ်းယိမ်းယိုင် ၊မထိမ်းနိုင်ဘဲ
လဲလုလုမှာ ၊ ငါတို့တစ်တွေ
သူ့ကူငှါတွဲ ၊ မခွဲခဲ့လေ....
ရောင်နီလာမှ ၊ငါတို့တစ်တွေ
ကိုယ့်ခြေကိုယ်ရပ် ၊ကိုယ်တိုင်မတ်၍
သွားတတ်ပြီဘဲ ၊မာနလွဲကာ
လမ်းခွဲကြမှာ ၊စိုးမိပါတယ်
ဘယ်လိုဖြစ်ဖြစ် ၊နားလည်ချစ်တယ်
ယုံကြည်တတ်ပြီး ၊ခရီးအတူ
မညည်းညူဘဲ...
သွားရဲစို့မေ...။

**ပန်းနဲ့လိပ်ပြာ**
ပန်းရိပ်မှာ
လွမ်းလိပ်ပြာဝဲ ။
အနသသယလမ်းမှာ
သမုဒယပန်းမခြွေသာတော့
ဝေဒနာဝတ်ရည်ဖြစ်ပါလို့
သံယောဇဉ်အမျှင်သစ်တွေနဲ့
ယစ်မူးတွယ်တာနမ်းရှိုက်နေဆဲမှာပဲ
အချစ်ရယ်...
(ရင်ထဲမှာတော့) ....ကျွမ်းမြိုက်ကြေကွဲ။

**ဘဝရာသီ**
လျှောက်ရဲသလား
နှစ်ယောက်ထဲ(တည်း) သွားမယ်မေ...။

လမ်းမပြေကြမ်းနေခဲ့ရင်လဲ
မနမ်းဝေအပန်းဖြေလှည့်ပါကွယ့်
(လျှောက်ရမှာကတော့...)
ပန်းခြွေတဲ့နွေ...။
ဘဝရာသီအလှည့်မှာ
အလှယာယီဖွဲ့လေသလား
ပြာရီလဲ့ဆင်းပြေပြေ...
(သြော်...)
နှင်းဝေလို့မှုံ့ရီလောင်း ။
သောကနှင်းတွေလား...
မောဟနှင်းတွေလား...
လောကတွင်းမှာ မှုံရီဝဲလေမှ
သူ့ကိုလေ...
ယုံကြည်ရဲစွာ ၊နားလည်သမျှအမှားဖြစ်အောင်
ထားရစ်ကာ ကျွမ်းစေခဲ့သူရဲ့
အနမ်းတွေနဲ့....
အလွမ်းတွေဖွဲ့
ဖြေမပြေမင်းစေတဲ့အကြောင်းပါပဲ...
(အချစ်ရယ်...)
ရင်ထဲမှာတော့...
ပန်းခြွေတဲ့နွေ နှင်းဝေတဲ့ဆောင်း ။

**ဝေဒနာအသစ်**

မျိုးစေ့မချ၊ အကိုင်းမပွား
အမြစ်ဖွားဝေ၊ မြေကတုတ်စည်း
ဖန်းတီးရှင်သန်နိုင်ခဲ့ပြီ ။
ရက္ခဗေဒ၊ တည်ထွင်ကြလျက်
ကိုင်းချင်းဆက်ယူ၊ မူလရောင်ပျက်
နှစ်သက်သလိုမျိုးကူးသည် ။
သည်လိုဆိုကွယ်၊ အချစ်ရယ်...
နှစ်ဆယ်ရာစု၊ လူမှုသိပ္ပံ

နည်းသစ်ဖန်ကာ၊ ရင်မှာခံစား
နလုံးသားအတု...၊ ခုချစ်ခုမုန်း
သုံးချင်ရာဖြစ်၊ ပြောင်းလဲပစ်နိုင်
နည်းသစ်စက်သစ်၊ ဖန်တီးဖြစ်လျှင်
အကြင်နာတွေ၊ ရေထဲလွင့်မျော
သိပ္ပံတောမှာ၊ သောကမရှိ
စက်ရုပ်ချည့်နေ၊ ဤလူ့ပြေ (ပြည်)
တို့တွေပျော်နိုင်ပါ့မလား ....။

**အို... အချစ်**

အချစ်ရဲ့ ခြေရင်းမှာ
သေခြင်းတရားမေ့ထားတယ် ။
လမိုက်ညရဲ့ ငွေလ
ထာဝရအလင်းတန်း
ဘဝရဲ့ စမ်းအိုင်လေးသဖွယ် ။
ကိုးကွယ်ရင်း ဆည်းကပ်ရင်း
မြတ်နိုးရင်း တွယ်တာရင်း
မရှိခြင်း၊ မသိခြင်းဆိုတဲ့ပစ္စက္ခအရိပ်ကို
ချစ်လက်စစိတ်ကလေးကဖုံးကွယ်
ပြုံးရယ်လို့ကြည်မွေ့ ။
အားလုံးကို မေ့လျော့စေသည့်အရာ
ထာဝရနိဗ္ဗာန်လေးများပျောက်ဆုံး
အို ... အချစ်ဘယ်မှာပုန်းပြီလဲ
ခွေးနူးကာရင်ဟာလို့
ဝမ်းဗလာပြည့်ပါကြောင်းကို
အစာအိမ်အူဟောင်းလောင်းက
တောင်းခံတဲ့နေ့ ။

**ရင်ထဲမှာ**

တစ်လှိုင်းထွက်တစ်လှိုင်းဝင်
ပင်လယ်၏ကမ်းခြေလို ...

တစ်ရောင်လွင့်တစ်ရောင်ထင်
ကောင်းကင်၏တိမ်တိုက်လို...
တစ်ခုပျောက်တစ်ခုလက်
မိုးထက်ကကြယ်တွေလို ...
တစ်လှည့်ပြီးတစ်လှည့်လာ
ရာသီသစ်တွေလိုပြောင်းနိုင်ပါ့မလား ...
တစ်ပွင့်ကြွေတစ်ပွင့်သစ်
ပန်းဖြစ်ရင်လည်းအကောင်းသား ။

**ထာဝစဉ်သာ**
ရာသီစည်းကိုက်၊ ငုံပွင့်လိုက်နှင့်
ကြိုက်ရာပန်းတွေ၊ ဖူးပွင့်ဝေ ။
ငယ်ဘဝက၊ ရခဲ့သည့်ပန်း
နွမ်းသွေ့ ရော်ငြား ...
စာအုပ်ကြားမှာ
အစားထိုး၍မညှပ်နိုင် ။

**သားဦးဝေဒနာ**
ချစ်ပြီဆိုတော့ ...
တဲအိုမှာလဲ (လည်း)၊ အနေရဲတယ်
လက်တွဲကြစို့၊ နှစ်ကိုယ့်တစ်စိတ်
အံကိုကြိတ်လို့၊ ဖြေသိပ်ရောင့်ရဲနိုင်ခဲ့သည် ။
မဝတဝ၊ မျှတခွဲဝေ
စေတနာပို၊ သူ့ကိုကိုယ်ကြည့်
ကိုယ့်သူကြည့်နှင့်၊ ရှိသမျှရောင့်ရဲ
ရင်ထဲရွှင်ပျ၊ ပန်းသမျှလည်း
စမ်းကျရေနယ်ငြိမ်းအေးသည် ။
ဒုက္ခခရီး ...
မညည်းညူမိ၊ မရှိအတူ
နေပူမိုးရွာ၊ ဖြတ်သန်းလာကြ
ဘဝတစ်ဆစ်၊ အလှသစ်တိုး

ရင်နှစ်ကိုယ်စား၊ သားဦးဖွားချိန်
စားဝတ်နေရေး...
ကလေးအနာဂတ်...
မတွေးတတ်တော့
သုံးကျပ်ရှစ်ဆယ့်ငါး
နေ့စားလုပ်ခ၊ အာမ မခံ
ဆန်ဈေးဆီဈေး၊ ဘာဈေးညာဈေး
တွေးရင်းရင်မော၊ သောကဝန်ထုပ်
စိုးရိမ်ရှပ်ဖြင့် ....
တုန်လှုပ်ချောက်ချားရပြန်၏ ။

**မတိုင်မီ**
စခဲ့ပြီးလျှင်...
ခရီးကြမ်းတမ်း၊ ပန်းချင်ပန်းလိမ့်
လမ်းဆုံဆိုသည် ရှိရမည်လေ ...။
မိုးထိမားစွင့်၊ အမြင့်ဆုံးတောင်လည်း
ရီမှောင်ညိုရိပ်၊ တောင်ထိပ်ရှိမည် ။
အကျယ်ဆုံးပင်လယ် ...
ကျယ်ချင်ကျယ်စမ်း၊ ကမ်းရိုးရှိမည်။
ခွဲခွာခြင်းလေ ...
ကာလရှည်လျား၊ ငါတို့သွားပြီး
ပြန်၍နီးလျှင်....
အထီးကျန်မှုဆိတ်သုန်းမည် ။

အဝေးချစ်
ဝေးကွာခြင်းဖြင့်၊ လွမ်းရင်းအောက်မေ့
နေ့နေ့ညည၊ သတိရ၏
ခွဲမှသိတယ်...
ပဝါဖွေးအိ၊ မျက်နှာထိကပ်
အပ်မိစဉ်လည်း၊ ခင်ခင့်ကိုယ်ငွေ့
မွှေးပျံ့ဝေ့ထင်

မှန်ကိုကြည့်လည်း၊ မှန်ထဲကပ်ခို
ရှိသလိုပင် ...
ထင်တတ်မြင်တတ် ..
အရာရာလေ ...
နေစဉ်ခိုက်က၊ သူမအရိပ်
ဖိတ်စဉ်ရှိဆဲ
ရင်ထဲခင်ရှိ ...
ဝေးမှသိတယ်  ....

**အလွမ်းည**
အော်ဟာစ်ဆူညံ ၊ ကလေးသံတို့
နာခံရခက် ၊အအိပ်ပျက်ည
ကလေးထငို ၊အို...အို..ကျွတ်...ကျွတ်....
မလွတ်မလပ် ၊စိတ်ကျဉ်းကျပ်သလို..
တစ်ကိုယ်တီးတည်း...
ညခရီး၌ ၊ငြိမ်းငွေ့တိတ်ဆိတ်
အိပ်မရပြန် ၊ကိုယ်ချည်းကျန်မှ
ငိုသံလွှမ်းသော ၊ရှေးသရောက
ငါ၏ညတို့...
အစပြန်ကောက်လွမ်းမိသည် ။

**နားလည်ကြစို့အချစ်ရယ်**
ပန်းကလေးတွေကြွေလိမ့်နိုး
စိုးရိမ်တတ်လျှင်...
ပန်းခင်းပေါ် ကျော်ဖြတ်ရင်း
နင်းပါနဲ့ခင်...
စမ်းကလေးတွေ ရေကြည်ပျောက်
နောက်မှာစိုးလျှင်...
ချောင်းနောက်ရေ ခြေဝင်ဆေး
ဆေးပါနဲ့ခင်...
ချစ်တတ်ခြင်းတွေလွမ်းတတ်ခြင်းတွေ

သတိရခြင်းတွေလဲ(လည်း)
သိပ်သည်းမှုတွေ ၊ကျပ်တည်းမှုတွေ
ဆင်းရဲမှုထဲ ။
ရာသီဟောင်းလို ပြောင်းမယ်ဆို…
ငိုရမှာက တို့နှစ်ယောက် ။

**ထိုသစ်ပင်**
သူ့လက်ကိုယ့်လက်
နှစ်ယောက်လက်ဖြင့်
ထွန်ယက်မျိုးချ
ပျိုးခဲ့ရသည်…
ဘဝဆိုသောသစ်တစ်ပင်…
ရုန်းကန်လှုပ်ရှား
ယုံကြည်အားမာန်
သည်းခံနားလည်
ထိုမြေဆီတို့
ငါတို့ဖို့လျှင်…
လွမ်းဆွေးချစ်တတ်
မြတ်နိုးခုံမင်
ကြင်နာခြင်းတွေ
ရေကြည်ရေစက်
ငါတို့ပက်လျှင်…
ထိုသစ်ပင်သည်…
ရှင်သန်ညို့ဆိုင်း
အကိုင်းခက်ဝေ
အသီးဝေလျက်
အရိပ်ထွက်မည်
တို့ယုံကြည်၍ … ။

**တစ်လှေတည်းစီး**
သွားဖို့မနီး

တစ်ခရီးထဲ(တည်း)
ဝဲစုပ်တော့လှေယိုင်
ပဲ့ကိုင်ရင်းလှေစောင်း
လှေဝမ်းခေါင်းပေါက်ချင်ပေါက်
မှောက်လဲအတူတူ
ရောက်လဲအတူတူ...
ကူညီအားဖြည့်
နားလည်ကြည့်နော်...
ပြန်လှည့်လို့တော့မဖြစ်ဘူး ...။

**ခရီးသည်နှစ်ဦး**
ကာလရထားသည်
ထာဝရတရားကိုနှုတ်ဆက်လို့
ကသုတ်ကရက်ခရီးနှင်...
တစ်ရက်ပြီးတစ်ရက်
အသက်ကြီးသထက်အသက်ကြီး
ပျက်စီးခြင်းသည်သာ ... နိစ္စ ...တဲ့
စိတ်ကတော့လက်မခံချင်...
မိုးရွာထဲမှာအတူတူ ...
နေပူထဲမှာအတူလျှောက် ...
လူနှစ်ယောက် စိတ်တစ်ခုနဲ့
အရိပ်လုဖို့ရုန်းကန်
ထုံးစံအတိုင်းလျှာနဲ့သွား
ကဗျာဖွဲ့မထားလောက်တဲ့ပဋိပက္ခ
သည့်ထက်မကတဲ့စားဝတ်နေရေး
ကုန်ဈေးနှုန်းနဲ့ မီးဖိုချောင်ဗေဒ
အဖြေမရတဲ့ပုစ္ဆာကိုတွက်ရင်း ... တွက်ရင်းနဲ့
သက်ပြင်းတွေအခါခါချပါလို့
ကာလရထားပေါ်က ' ကို' ...နဲ့ ..... ခင် ....
ဪ....
နှစ်ကိုယ်နွဲ့ယှဉ်လို့ပျော်နိုင်ကြပါသလား ။

မေတ္တာကိုအားကိုး
သစ္စာကိုအားကိုးလို့
အစားထိုးမရနိုင်တဲ့ယုံကြည်ခြင်းတွေနဲ့
ထုံကြည်သင်းမယ့်မနက်ဖြန်ကိုမျှော်လင့်တဲ့စိတ်
" အနိစ္စ"... ကိုအံ့တုရင်းဖြစ်တည် ...
" တစ်ချစ်သည်သာတစ်ဘဝ ...
ထာဝရလို့ယုံပါကွယ် ..." ဆိုတဲ့
နှစ်ဆယ်ဝန်းကျင်ကစကားမျိုး
နားမရိုးပေမယ့်မဆိုဖြစ်
နှစ်ကိုယ်ချစ်ဆိုတာ...
နားလည်စွာနဲ့ရုန်းကန်ခြင်းပါ ... အချစ်ရယ် ...
အမြစ်တွယ်နေတဲ့ သမုဒယအငုတ်
အခုဘဝမှာ... ဘယ်သူလာလို့နုတ်နိုင်မတဲ့လဲ
အခက်အခဲကိုအတူကျော်လို့
အပူပေါ်လူနော်ဖြစ်လာကြမှတော့
ခေတ်ကာလ ဇနီးမယားဆိုတာ
ဖြစ်လာသမျှ... မညည်းမတွားနဲ့
(ကာလရထားပေါ်က ...)
အချစ်ထာဝရခရီးသွား ...။

**နေ**

နေရောင်ကြောင့် ...
ပန်းတို့လှ၏ ။
နေရောင်ကြောင့် ...
ပန်းတို့ညှိုး၏ ။
အချစ်ကြောင့်နူးညံ့သိမ်မွေ့
လောကသည်ချမ်းမြေ့ဖွယ်ထင်၏ ။
အချစ်ကြောင့်မနာလိုဝန်တို
လောကကိုအကျဉ်းတန်စေပြန်၏ ။

**လ**

ထိုညက ...
ပြည့်ဝန်းစွာသာခဲ့သည့် လ
တစ်စစဆုတ်သွားတယ်...
ထိုညက ...
တစ်ခြမ်းသာရှိခဲ့သည့် လ
တစ်စစပြည့်လာတယ် ...။
လ လိုအေးမြ၊ ခဏမဟုတ်
မဆုတ်မပြည့်၊ ပကတိလေ ...
ပူပါစေ ...
နေလိုသာပဲ ချစ်ချင်၏ ။

**နိုးနေသည်ဟုအိပ်မက်သူများ**
တစ်စုံတစ်ခုအတွက် ...
ငါတို့အသက်ရှင်၏ ။
တစ်စုံတစ်ခုအတွက် ...
မနက်ပေါင်းများစွာ ...
ညပေါင်းများစွာ ...
ငါတို့လှုပ်ရှားရုန်းကန်၏ ။
တစ်စုံတစ်ခုအတွက် ...
အသက်နှင့်ထပ်တူ
မြတ်နိုးသူများနှင့်လဲ (လည်း)
ငါတို့ခွဲကြ၏ ။
ထိုတစ်စုံတစ်ခုမှာ...
ငါတို့အတွက် ...
အိပ်မက်ဖြစ်နေပါလျှင် ...
ငါတို့ဘဝ ...
ညအသချေမှာ ...
ငါတို့အိပ်ပျော်
နေဆဲသော်တည့် ...။

**တစ်နည်းနည်းဖြင့်**

အကြြင်နာလက်ဖြင့်ကိုင်မော့စေလျက်
ပါးနစ်ဘက်ကို
မက်မောတွယ်တာ
နမ်းခဲ့မိပါသည်။
ဒေါသလက်ဖြင့် ရှုန့်ရင်းကြမ်းတမ်းစွာ
ထိုပါးနစ်ဘက်ကိုပင်
ရက်စက်နာကျင်အောင်ရိုက်ခဲ့မိပါသည်။
ယုယမက်မောစွာ
နမ်းခဲ့မိပါသောကြောင့်လည်းကောင်း ...
ရက်စက်ခက်ထန်စွာ
ရိုက်နက်ခဲ့မိပါသောကြောင့်လည်းကောင်း ...
ချစ်သူသည်ငါ့အား ...
ထာဝရ၊ တမ်းတနာကြည်း
သတိရပြီးနေနိုင်ပါစေသတည်း ...။

**ဆပ်ကပ်**

သမုဒယ ကြိုးနစ်ခုကို ..
မင်းကတစ်ဘက်
ကိုယ်တစ်ဘက်ကိုင်
ထိုင်သည့်ရင်သွေးကြိုးပေါ်မှာ ...
မင့် ကြောင့်ဖြစ်ဖြစ်
ကိုယ့်ကြောင့်ဖြစ်စေ
ပြေလျှော့ပြုတ်ကျ
ကြိုးတစ်စလွတ်
တိမ်းပါးချွတ်ချော် ...
ရှိခဲ့သော် ...။

**ပျိုမျစ်နေသောသစ်ပုတ်ပင်**

တက္ကသိုလ်ရွှေရတု ...
ယုယတွဲမှီ၊ အတူလည်ခဲ့
ချစ်သူနဲ့ခင်၊ ပင်ပန်းညှိုးချုံး

သားသုံးယောက်အမေဖြစ်ပြီ ...။
နှစ်တစ်ရာပွဲ၊ ဆင်နွှဲချိန်ဆို
ငါတို့အိုလိမ့်၊ မြေးကိုလက်ဆွဲ
ပွဲခင်းထဲမှာ
မိုးဖွဲဖွဲစွေ၊ ရွှေရတုည ...
ပြန်တမ်းတရင်း၊ အောက်မေ့ခြင်းတွေ ...
ရင်တွင်းနုသစ်၊ အလွမ်းဖြစ်လိမ့်
အချစ်ဘယ်တောမအိုနိုင် ။

**နှင်းဆီ**

နှင်းစက်ထိစို၍ ...
အို ... အနမျက်ဆုံးနှင်းဆီ ...
ရနံ့ဖြင့်သင်းရီထုံပျံ့စေ၍
လိပ်ပြာတို့၏ ဝန်းရံခစားခြင်းကို
ကျေနပ်ဝမ်းမြောက်စွာ ...
ဂုဏ်ယူပါလေ ...
အဆင်းဖြင့်တိမ်းမူညွတ်နူးစေ၍ ...
ပျားပိတုန်းတို့၏ ဝတ်ရည်သောက်သုံးမှုကို
နှစ်ခြိုက်ရွှင်လန်းစွာ ...
ပေးဝေနိုင်ပါစေ ...
ဆူးခက်တို့ဖြင့်ဝန်းရံဝင့်ကြွားစေ၍
သိက္ခာနှင့်မာနတရားအရေခွံကို
မြဲမြံစွာဝတ်ရုံထားနိုင်ပါစေ ...
လေပြင်းခြွေ၍
မြေပေါ်သို့ရောက်လာသည့်တိုင်
သခင့်အဆင်းကိုမြင်ခွင့်မရ
သခင့်ရနံ့ကိုနမ်းခွင့်မကြုံနိုင်ဘဲ
သခင်နှင့်အဝေးဆုံးအရပ်မှ
သခင်လည်းသိမည်မဟုတ်သော...
အမြစ်သည် ...
သခင်၏ ကျော်ကြားမှုမတိမ်ကောစေရန်

ရေကြည်ရေစက်တို့ကို
ခက်ခဲစွာစုပ်ယူ၍
ဖြန့်ဝေပေးနေဆဲပါလေ ...။

**မာနမဲ့စွာ**
ပြက်ရယ်ပြုမှုကိုခံရသည့်အခါ
အားငယ်သွားတတ်သော်လည်း
မည်သည့်အခါမှစိတ်မဆိုးရက်ပါလေ ...
အနိုင်ကျင့်မှုကိုခံရသည့်အခါ
ဝမ်းနည်းသွားတတ်သော်လည်း
မည်သည့်အခါမှမနာကြည်းရက်ပါလေ...
တန်ဖိုးမထားမှုကိုခံရသည့်အခါ ...
မကျေနပ်မှုကိုခံစားရတတ်သော်လည်း
မည်သည့်အခါမှမငြိုငြင်ရပ်ပါလေ ...
စွန့်ပစ်သွားခြင်းကိုခံရသည့်အခါ
ကျွမ်းမြေ့လောင်မြိုက်စွာ ပူပန်ရသော်လည်း
မည်သည့်အခါမှမေ့လျော့၍မရနိုင်ပါလေ ...
စတွေ့သည်မှ
ငါသည်သင့်အား
မာနတရားကိုပေးအပ်ထားခဲ့သောကြောင့်တည်း ။

**အပိုင်း (၃)**

**ကဗျာနေ**
စူးစူးရဲရဲ၊ လောကထဲမှာ
ဖြာကျဖျန်းပက်၊ အလင်းလက်နှင့်
နှုတ်ဆက်မယ်လေ...
ကဗျာနေသည် ...
အလင်းရောင်ထွက် ...
အရုဏ်တက်စ၊ အံ့ပျညို့ဆိုင်း
မိုးသားမှိုင်းဝေ၊ နေကိုလွှမ်းကာ
မိုးမည်းရွာစွေ၊ ရာသီဆိုးဝါး

ဖုံးကွယ်ထား၏ ။
ရာသီဥတု
သူ့ကာလလိုက်၊ စည်းကိုက်လှည့်ပတ်
ပြောင်းလဲတတ်၏၊ ပတ်ဝန်းကျင်မှာ
ရာသီသာသော် ...
ကဗျာနေရောင်ထွက်ပါလိမ့် ။
**အနိစ္စမဲ့ရထားပေါ်မှာ**
လေးဆယ်မပြည့်ခင်မှာ
မတွေ့ချင်တာတွေတွေ့ရ
မေ့ချင်တာတွေမေ့မရနဲ့
နေ့ညဆိုတဲ့ရထားကတော့
အသွားမပျက်အရှိန်ကောင်း
အချိန်ဟောင်းဆိုတဲ့ဘူတာတွေကိုဖြတ်ခဲ့ပါပြီ။
အမှန်အမှားကို
ခံစား၍သိတတ်
မွန်မြတ်သည့်အလုပ်
ယုတ်ညံ့သည့်အခင်း
တရားခြင်း၊ မတရားခြင်း
မျဉ်းတစ်ကြောင်းရဲ့ တစ်ဘက်စီမှာ
မျက်ရည်ဟာပုလဲမဟုတ်ပေမယ့်
ရွဲလုပ်နိုင်တဲ့ရယ်သံများ
ရထားပေါ်မှာအထင်ကရ
မြင်ရလည်းမြင်ရပါသည် ။
တစ်ကိုယ်ချင်းပါပဲ
ကိုယ်ဆင်းမည့်ဘူတာကိုမသိပေမယ့်
အလိုမပြည့်တာချင်းတော့တူညီ
အပူသည်တွေရဲ့ နေ့ညရထား ။
ခရီးသွားချင်းပေမယ့်
စည်းတားရင်းစိတ်အနေခြား
မိတ်ဆွေလားရန်သူလား
ဘာသာစကားမဲ့သည့်ဆိတ်ငြိမ်ခြင်း

ရင်တွင်းကအကျယ်လောင်ဆုံးအသံများနဲ့
ခံစားလို့ခွဲတတ်
တွဲသတ်မှတ်ကာစီးနင်း
ခရီးပြင်းနင်တရိပ်ရိပ်ပြေး
ဟိုး... အဝေးဆုံးကိုသွား ။

**ကိုးဆယ်ပုံစံ**

တစ်ထောင့်ကိုးရာရှစ်ဆယ်ကိုးဟာ ...
ဒီဇင်ဘာ၏၊ နှင်းမှုန်ပြည့်သိပ်
ဆောင်းအရိပ်မှာ၊ အိပ်မောကျသေ
ကျန်ရစ်လေပြီ...
တစ်ထောင်ကိုးရာကိုးဆယ်သည် ...
ခေတ်အမီဆုံး၊ အသစ်လွင်ဆုံး
အုံးအုံးကျွက်ကျွက်၊ ကြိုဆိုလက်ကမ်း
နှစ်ဆန်းနှစ်သစ်...
ခရစ္စမတ်နှင့်အတူရောက်လာ၏ ။
ကိုးဆယ်ပုံစံ
မှန်ကားကက်ဆက်၊ အသစ်စက်ဆုံး
မက်မော်နှစ်လို၊ တန်ဈေးပိုကာ
ဘယ်မှာဖြစ်ဖြစ်၊ ခေတ်မီနေတယ်
ကိုးဆယ်ပုံစံ ...
တစ်ထောင်ကိုးရာကိုးဆယ်သည်ကား
ရပ်တန့်နားနေ၊ မဖြစ်လေ၍
နှင်းဝေရီကျ၊ ကာလသချိုင်း
မှုန်မှိုင်းပိတ်ကာ၊ ဒီဇင်ဘာဆီ
ခြေဦးတည်ရင်း ...
အိုမင်းအလာ...
နှစ်အဟောင်းသည် ...
ဒီဇင်ဘာတွင်၊ အသက်ငင်ဆဲ
လောကထဲမှာ၊ လူများစွာလေ ...
လာမည့်အသစ်

တစ်ထောင့်ကိုးရာကိုးဆယ့်တစ်ကို
နှစ်သက်ရှင်ချို ...
ကြိုကြပြန်ရော ...။

**သွေး**

**(၁)**

ငယ်ငယ်တုန်းက၊ ထိခိုက်ရှနာ
ဒဏ်ရာရလျှင်၊ မြင်ဖူးပါသည်
အနီရောင်သွေးများ ...
တစ်စားတည်းပင် ...

**(၂)**

ကြီးတော့လေ...
'အေ' 'ဘီ' 'အေဘီ' နှင့် ' အို'
သွေးကိုခွဲခြား၊ အုပ်စုများကွဲ
တစ်စားတည်းမတူ
သွေးဟူသည်မှာအမျိုးမျိုး ...။

**(၃)**

သွေးချင်ရောစို့
သွေးချင်းနှောဖို့
သွေးအုပ်စုတူ၊ သူ့မူနဲ့သူသတ်မှတ်
ကန့်သတ်ချက်ဆိုတာလည်းရှိတယ် ။

**(၄)**

ဘာပဲဖြစ်ဖြစ်၊ သွေးကိုစစ်စို့
သွေးနှောဖို့အတွက်၊ တို့သွေးတို့သိ
လှူဖို့ရှိက၊ လှူရဲကြစို့
သွေးကသမိုင်းတင်လိမ့်မယ် ...။

အပြာရောင်များ
အမြင့်ဆုံးအပူချိန်မှာ

မီးတောက်အပြာ...
သစ္စာ၏အဆင်အသွေး
ဆေးရောင်အပြာ...
ငြိမ်းချမ်းရေသင်္ကေတ
လှပသောအပြာ ..
ပတ္တမြားလိုမနီရဲ
ကျောက်စိမ်းခဲလိုမဟုတ်
ကျွန်ုပ်မြတ်နိုးသောရတနာ
ကြည်ပြာ ...
နီလာ ...
သို့မဟုတ် ...
ကျွန်ုပ်ရင်ထဲက " ကဗျာ" ။

**စကားများ**

စကားတစ်ခွန်း
ပျားတစ်ဖွန်းလို
ကြည်ချိုမွှေးမြ
ဖေးမသလား။
စကားတစ်လုံး
အဆိပ်ပုံးထင်
နားဝင်မချို
ရန်လိုသလား ..။
လူပြောမသန်၊ လူသန်မပြော
ဟောသည့်မှာကြည့်၊ ပစ်ကွင်းထိအောင်
တော်တည့်ဖြောင့်မှန်...
ဟိ ... သစ္စံ ...
အမှန်တရား
စကားများသည်
မှားသူ့ရင်ကိုစိုက်စေသတည်း။

**ခရီး**

အိပ်မရတဲ့
စိတ္တဇညအလျားရှည် . . .။

ခရီးပန်းသူမို့
ခရီးလမ်းတာအတိုလေးတောင်မှ
ဟိုး . . . အဝေးမှာလို့ထင်မိပြီ. . .။

သို့ပေမယ့် ခရီးသည် ...
ခရီးရှည်ကို လျှောက်ဝံ့ဆဲ ။

အနသယမပြတ်သူမို့
သမုဒယဇာတ်မှာတလည်လည်နဲ့
တတွယ်တွယ်ပင်လယ်ခရီးမှာ
အဂိဇ္ဇာလှိုင်းလေကြီးပြန်တော့
ဆင်သေကို မင်လေတဲ့ကျီးလိုပဲ . . .
မနီးနိုင်လမ်းတစ်ထောက်မှာ
( အခုတော့ . . . )
ကမ်းပျောက်မှောင်မည်း ။

**နေရာသစ်သို့**

ခရီး . . .
နီးမည်ဝေးမည် ၊ ငါသည်မသိ ။
လမ်း .. .
ကြမ်းမည်ကောင်းမည် ၊ ငါသည် မတွေး ။
ရာသီ . . .
သာမည်ဆိုးမည် ၊ ငါသည်မတွက် ။
သည်နေရာက ၊ ခွာမှ ဖြစ်မည်
ငါယုံကြည်၏ ၊ မိနစ်ထက်ဂက်
ဆက်နေမရ ၊ စိတ်ဆန္ဒက
ပြင်းပြ၍သာ ၊ ငါထွက်လာခဲ့
ဘာပြင်ဆင်မှု ၊ တစ်ခုမရှိ။
အဆီးအတား ၊ များလဲရှေ့ဆက်
တစ်ရက်မရောက် ၊ တစ်လလျှောက်မည် . . .

ပေါက်တဲ့ခရီး ၊ တစ်ဆစ်နီးပြီ . . .
ငါ့ယုံကြည်ချက် ၊ ငါ့အသက်လေ . . .
ငါ့ယုံကြည်ချက် ၊ ငါ့လက်နက်လေ
နေရာဟောင်းမှာ ၊ ငါသည်မနေ
သွားရင်းသေအံ့ . . .။

**နီးထစဝေဒနာ**

တစ်နှစ်ပြီးတစ်နှစ်
တစ်ထစ်ချင်းမြင့်လာ
ရာသီလှေကား
ရှည်လျားလေပြီ . . .

ငါ့ကိုမွေးပြီး
ဆယ့်လေးငါးနှစ် ၊ အရွယ်ဖြစ်မှ
ငါပျိုးချသော ၊ ငါ့အုန်းတောပင်
အသီးဆင်လျက် ၊ ဆွတ်ငင်စားသုံး
အလုံးအဖန်လုပြီ . . .။

ပုခက်ကပြောင်း ၊ ကျောင်းကိုတန်းဝင်း
သင်ရတဲ့စာ ၊ အုန်းပင်သာဆို
စိုစိုပြေပြေ (ပြည်ပြည်) ၊ အသီးဝေလို့
တစ်ဆွေမျိုးလုံး ၊ ဆွတ်ယူသုံးယောက်
စားရလောက်ပြီ

ငှက်အပေါင်းတို့ ၊ ခညောင်းနိဝင်
သစ်ပင်ရွက်အုပ် ၊ ကျွန်ုပ်ဖြစ်ချင်
စိတ်ကူးယဉ်ဆဲ ၊ အိပ်မက်ထဲက
နီးထထိုင်မိ ၊ အားငယ်သည့်စိတ်
လိပ်ပြာမလုံ ၊ တုန်လှုပ်ဆန်းစစ်
ငါသစ်ကပ်ပင် ၊ မှီတွယ်ချင်တုန်း
အုန်းပင်လောက်မှ အရာမရောက်။
ရာသီလှေကား . . .
အထစ်များပေါ်
အိပ်ပျော်ရင်းသေ . . .

အိပ်မက်ရှည်ကြော . . .
မျောနေတဲ့ငါ . . .။

## သူ့နွေကိုယ့်နွေ

မပူမအေး ၊ နွေးစေထွေးစေ
နေခြည်လုံ့စမ်း ၊ ကမ်းခြေသောင်ပေါ်
အပျော်သက်သက် ၊ ပက်လက်မှောက်ခုံ
ငုံစပ်မူးယစ် ၊ စပျစ်ရည်သောက်
သူ့အနောက်နွေ . . .။

အမှောင်တန်းလျှား ၊ တဲများပြွတ်သိပ်
မွန်းပိတ်ကျပ်လှောင် ၊ တောင်လေမလာ
ဘယ်ညာလိုမ့်လိုက် ၊ အိုက်စပ်ချွေးကျ
ညအကျည်းတန် ၊ ဆူသံဆဲသံ
ကျွက်ကျွက်ညံနေ ၊ ရေဘုံဘိုင်က
ရန်ဖြစ်ကြသံ ၊ နားခံကြားရင်း
မိုးလင်းပြီလေ . . .
အလှကြွေတဲ့ . . .
ကိုယ့်ရဲ့ နွေည ။

## ပဋိယက္ခ

သုဝဏ္ဏသာမ . . .
လေးတော်ခစဉ်
မိဘနစ်ပါး ၊ သစ္စာထား၍
မြားဆိပ်လွင့်ပြယ်ခဲ့ဖူးသည် ။

နှလုံးသားမှာ . . .
ချစ်မြားစူးနစ်
အရှူးဖြစ်ခဲ့ ၊ နှစ်ရှည်လများ
အချိန်ကုစား၍ . . .
ဆင်းရဲခြင်းမြား . . .
သမားမနုတ် ၊ မြားအငုတ်ကို
အားထုတ်ဖယ်ရှား ၊ မကြောက်တရားနဲ့

ယောက်ျားတို့စိတ် ၊ အံကိုကြိတ်မည် . . .
မြားဆိပ်ပြယ်လွင့်ပါစေသတည်း ။

**ယုန်ဆိုသည်မှာ**

နက်နဲထွေးရှုပ် ၊ အမေးပုစ္ဆာ
ပြဿနာရှိ ၊ သိတတ် ဖြေတတ်
ဖတ်စာအုပ်ထဲ ၊ ပုံပြင်ထဲမှာ
ယုန်ပညာရှိ . . .

အမှန်အမှား ၊ တရားသဖြင့်
ချင့်ချိန်တွေးလျက် ၊ ဆုံးဖြတ်ချက်ချ
ဂေဖန်ပြတတ် ၊ ဖတ်စာအုပ်ထဲ
ပုံပြင်ထဲမှာ . . .
ယုန်ပညာရှိ . . .

နားရွက်ထောင်ထောင် ၊ မျက်စိကြောင်နှင့်
လှောင်အိမ်ထဲမှာ ၊ တောထဲမှာမြင်
ပုံပြင်မဟုတ် ၊ ကျွန်ုပ်တွေ့ဆုံ
လက်တွေ့ကြုံ၍ . . .
ယုန်ဆိုသည်မှာ ကြောက်တတ်သည် ။

**ခရီးဆုံးမှာ**

(၁)
ရထားခ . . .
များစွာငွေကြေး ၊ တန်ဖိုးပေးပြီး
ခရီးအသစ် စလိုက်သည်။
(၂)
ရထားမှာ . . .

များစွာသောလူ ၊ ငါ့အတူပင်
ကောက်မျှင်ရိုးပြတ် ၊ စက်ဆီဖတ်ကြား
ငွေစရှားနဲ့ ၊ သားတွက်သမီးတွက်
ခရီးထွက်ဖို့ ၊ လက်မှတ်ဝယ်ရန်
အငတ်ခံပြီး ၊ သည်ခရီးကို
စီးနင်းစေခဲ့ရတာချည်း . . .။
(၃)
အများလဲ . . .
အားခဲထားကြ
ငါ့လိုပေ့ါလေ ၊ နေရာအသစ်
တစ်ဆစ်ချိုးကွေ့ ၊ ရောက်တဲ့နေ့မှာ
အမေ့အတွက် ၊ လက်မှတ်ဖိုးငွေ
ပြန်ပြီးချေမယ် . . .
ရေသစ်မြေသစ် ၊ အခြေဖြစ်လို့
နှစ်သက်စရာ ၊ အနာဂတ်အတွက် . . .
အိပ်မက်နေတုန်း . . .။
(၄)
အထပ်ထပ် . . .
ကျပ်ညပ်ပြည့်ခဲ ၊ ရထားတွဲမှ
လိမ့်ကျကျန်ပြီး ၊ ခရီးထက်ဝက်
လှမ်းမဆက်နိုင် ၊ မျက်စိသူငယ်
တလည်လည်ဖြစ် ၊ ဒုက္ခမြစ်မှာ . . .
လက်ပစ်ကူးနေရသူတွေလည်း ဒုနဲ့ဒေး . . . ။
(၅)
ရာသီစက် . . .
ကြာရှည်ရက်ဖြစ်
ကာလနှစ်ပြောင်း ၊ မောင်းဆဲရထား
တွဲကြိုကြားမှ ၊ ကံအားလျော်စွာ
ငါလဲ (လည်း )ပါခဲ့ ၊ ဘူတာရှေ့ ဖြတ်
ရထားရပ်လို့ . . .
ကျပ်ညပ်တိုးဝှေ့ ဆင်းလိုက်ရော . . .။

(၆)
ဟော အခက် . . .
တောနက်ပါလား . . .

စားဖို့အစာ ၊ ဘယ်မှာလဲရေ . . .
အမေကယ်ပါ ၊ အားငယ်လာပြီ
နေရာအသစ်လဲ (လည်း) . . .
ဆင်းရဲတွင်းကျ ၊ တို့ဒုက္ခကို
အာမခံချက်မပေးနိုင် . . . ။

(၇)
တကယ်ပဲ . . .
ဘယ်လဲမသိ ၊ ယောင်တိယောင်ချာ
လက်ထဲမှာဆို ၊ အမေ့အိုက
ချွေးယိုပင်ပန်း ၊ နွမ်းနယ်စုတ်ပြတ်
အငတ်ခံပြီး ၊ သည်ခရီးတွက်
ငွေနှင့်စက်ထား ၊ရထားလက်မှတ်
စာရွက်ကဒ်သာ . . .
အမှတ်တရရှိနေ၏ ။
(၈)
အို... အမေ ....
ကြိုလင့်စောင့်စား ၊ အသိသားမင့်
ရထားလမ်းဆုံး ၊ တောနက်ကုန်းမှ
ညှိုးချုံးနွမ်းစုတ်၊ မိုးကြီးချုပ်၍
ကျွန်ုပ်အိမ်ပြန်ခက်ပြီတည့် ။

## ခေါက်ဆွဲဆိုင်မှာ

တိုးလိုတွဲလောင်း ၊ ဂဏ်အူချောင်းတွေ
ခံ့စောင်းပြင်ပေါ် ၊ ဂေါ်ဖီခဝဲ
ပဲသီးရှည်တွေ . . .
အမွှေးနတ်ထား ၊ အသားနီရဲ
တွဲလဲချိတ်လျက် ၊ ကြက်ဘဲသုံးကောင် . . .
အရည်စက်လက် ၊ ဂဏ်အခေါက်တွဲ
ဘဲကြက်ဘေးမှာ ၊ ချိတ်ထားပါ၏။
အသားအရွက် ၊ ကြက်ဥဘဲဥ
လှူအင်လှူအား ၊ တိုးပွားစရာ
အာဟာရတွေ ၊ တွေ့နေမြင်နေ . . .

ရှိနေပါလျက် ၊ ပေရေစုတ်ပြတ်
ညစ်ပတ်နွမ်းညှိုး ၊ အရိုးပေါ်တွင်
အရေတင်ကာ ၊ အားအင်ကြုံလှီ
ဆီငွေ့ညှော်ဝ ၊ ဆိုင်ကခိုင်းသူ
အနံ့ရှူရှုံ . . .
လူရုပ်မပေါ်တော့ပါလား ။

## သားကောင်

လက်ထပ်ခတ်၍ ၊ စုတ်ပြတ်နွမ်းပါး
တောသားသုံးယောက် ။

မြို့အစွန်ဘက် ၊ စက်ချုပ်တဲ့အိမ်
သန်းခေါင်ချိန်က ၊ တိုက်ခဲ့ကြတဲ့
ဓားပြတွေပါ . . .
တိုက်ရာပစ္စည်း ၊ အသီးသီးနှင့်
ဖမ်းဆီးလာခဲ့ကြတာလေ . . .

စက်ချုပ်ဆိုက် ၊ ဘာတွေရသလဲ . . .
ဖျင်စပိတ်စ၊ အင်္ကျီစတွေ . . .
လက်ခမပေး ၊ မရွေးသေးတဲ့
ကလေးအင်္ကျီ ၊ ရုပ်လက်ရှည်တွေ . . .
ပြည်သူ့ဆိုင်က ၊ ဂယ်မရသော
ချည်ချောလုံချည် လေးငါးထည်။

## မာယာမနက်

မနက်ခင်း . . .
နှင်းပွင့်ဆို့ကာ ၊ အမြင်အာရုံ
မှုန်မှေးလှည့်စား ၊ ပိုးတဂါးလေ . . .
အင်းလျားဘက်မှာ မှောင်နေသည်။
အဓိပတိလမ်း၊ စမ်းတဂါးဂါး
နှင်းကြားထဲက ၊ အပျိုမ၏
အလှနသစ် ၊ ယစ်မူးစရာ
ကိုယ်ခန္ဓာကို ၊ ဇာမျှင်လွှာပါး

လွှမ်းထားသလို ။

အရာရာ . . .
ဘာကြည့်ကြည့်လေ . . .
ဂေရီနင်းကြား ၊ ပိုးဂါးယိုးရိပ်
ပိတ်ဆည်းပုက်ကာ ၊ မာယာမနက်
အသိခက်အောင် . . .
နှင်းစက်တွေဖြင့် လွှမ်းကာသည် ။

တကယ်တော့လေ . . .
ဝေဒနာလျှင် ၊ ရင်မှာမွန်းကျပ်
မနေတတ်ပြီ ၊ လွတ်လပ်ကြည်လင်
ခံစားချင်ပြီ ၊ သိချင်မြင်ချင်
ဖွင့်ဟချင်ပြီ ၊ ရင်မှာခံခက်
သည်မနက်က . . .
ရှုန်းထွက်နေရောင် မျှော်မိ၏ ။

**အဂ္ဂိဇ္ဈာတော**

ပန်းတစ်ဖူးကို...
နူးပြီးကျေနပ် ၊ လောဘသတ်ခိုက် ...

ရှေ့ မှာတစ်ပွင့်...
လွယ်လင့်တကူ ၊ ယူ၍ရခိုက်
နူးလိုက်မိပြန် ....

လက်ထဲခြင်းထဲ ၊ ပြန့်ကြဲပြည့်သိပ်
စိတ်မတင်းတိမ် ၊ အိမ်မပြန်သေး
ခပ်ဝေးဝေးက ၊ ဖွေးဖွေးပန်းတွေ
မက်မောနေတုန်း ....

ပြန်မှပြန်မှ ၊ သတိရနေ
ခြေကမလှည့် ၊ တည့်တည့်စိုက်စိုက်
လိုက်နေမိပြန် ...
ပန်မှာတစ်ဖူး ၊ နူးပြီးတစ်ရာ ....

အခွင့်သာလျှင် ၊ ရရာအားလုံးဆွတ်မယ့်လူ ...

လူဆိုတဲ့လူ ....
ကဲထူအတ္တ ၊ လောဘမပြေ
ပင်လယ်ရေနောက် ၊ မခန်းခြောက်လည်း
တစ်ယောက်တည်းသာ သောက်ချင်သူ ။

**လမ်းစ**

လယ်ထွန်ပျိုးနုတ် ၊ လုပ်ရင်းဝတ်မွတ်
ကရွတ်ကင်းလျှောက် ၊ နောက်သားစဉ်ဆက်၏
ဖွတ်တက်အောင်မွဲ ၊ လယ်ထဲမှာမွေး
ချောင်းဘေးမှာသေ ၊ အခြေကွာဟ
မမျှမတ ၊ ဘဝသိမ်းဖျင်း
ဆင်းရဲခြင်းသည် ...
အတီအတေ ... ၊ အမွေမဟုတ် ။

ရေးတတ်ဖတ်တတ် ၊ စဉ်းစားတတ်လျှင်
စာဖတ်ပေဖတ် ၊ တွေးခေါ်တတ်လျှင်
အမြင်အကြား ၊ နားမျက်စိပွင့်
သိခွင့်ကြုံမယ် ၊ ဘယ်လောက်ကွာဟ
ဘဝနှစ်ခု ၊ လူနေမှုကို
ကြည့်ရှုသုံးသပ်လာနိုင်မယ် ။

**အရက်သစ်**

နှင်းဆီရင့်နီ ၊ စိတ်လည်းဖိတ်ယို
နနပျိုမျစ် ၊ အရက်သစ်ချိန် ....

သည်နေခြည်က
ဘဝသန်းခေါင် ၊ ညအမှောင်အား
ဖယ်ရှား ဖြိုဖျက် ၊ အလင်းလက်ဖြင့်
နှုတ်ဆက်လိမ့်မည် ၊ ငါယုံကြည်၍ ...

တစ်စစနှင့် ၊ အချိန်မြင့်လေ
နေခြည်ရွှန်းပ ၊ ထွန်းလင်းရမည်
ငါယုံကြည်၍ ...

မွေးဖွားခါစ ၊ အလှရောင်နီ
သည်မှာဟိုမှာ ၊ စုစည်းဖြာဝေ
နေခြည်နုကို ၊ ငါတို့ကြို၏
အို … နေခြည်သစ်
ပစ္စက္ခမှ ၊ လူ့ဘဝ၏
ညအားလုံးကိုဖယ်ရှားလေ …။

**ကာလတန်ဈေး**

ဂတ်လစ်စလစ်
ချစ်စရာဟန် ၊ နိုင်ငံခြားဖြစ်
ပလတ်စတစ်အရုပ် …

ကားရှေ့ချိန်ရန် ၊ တန်ဖိုးငွေကြေး
ရာကျော်ပေး၍ ၊ ဈေးတည့်ဂယ်သူပေါ်လာချိန် …

ပလက်ဖောင်းဘေးမှာ …
ညကြေးငါးဆယ် ၊ ရောင်းဂယ်မဖြစ်
လူအစ်မူ …
ဈေးဆစ်ခံနေရတာကား ။

**ဆပ်ကပ်ဆရာ**

ခြင်္သေ့ ကျားတွေ
ယဉ်ပါးအောင် ၊ စင်မြင့်ပေါ်တက်
ပြကွက်အသစ် ၊ ဖန်တီးဖြစ်ရန် …

ကြာပွတ်တစ်ချောင်း
တဖြောင်းဖြောင်းနှင့် ၊ ကြိမ်းမောင်းဆဲဆို
အလိုကျစေ …
ပုံသွင်းနေခိုက် … ။

မလွတ်မလပ် ၊ ကျဉ်းကျပ်လို့နေ
အမိန့်တွေကြား ၊ အစားမဝ
ဒေါသမာန်ဝေ့ ၊ ကျား ခြင်္သေ့တို့

ခလေ့ဗီဇ ၊ ရုပ်လုံးကြွကာ
မူလစရိုက်ပေါ်လေသော် ....။

## တိရစ္ဆာန်ဥယျာဉ်တစ်ခု

တောဓါ်ဘုရင် ၊ ခြသေ့်မင်းလည်း (လဲ)
လှောင်ချိုင့်ထဲမှာ ၊ အညောင်းညာမိ
ချည့်နဲ့လို့နေ ...

ခုနစ်တောင်ကျား ၊ အစားမဂ
မာန်ထနေရင်း ၊ သံတိုင်တွင်းမှာ
လှုပ်ရှားကာနေ ...

ကြက်တူရွေးနှင့် ၊ ကျေးငှက်မ
သံဆန်ခါတွင်း ၊ သွင်းပိတ်နေ..
မျောက်တို့သည်ကား ...
ပြေးလွှာခုန်ပေါက် ၊ ရောက်ရာပျော်တတ်
ခြံဂင်းခတ်ကာ ၊ သူ့နေရာကို
ကမ္ဘာဟုထင် ၊ အပူပင်မဲ့ ...

ကုန်းရေလေမှာ ၊ နေထိုင်လွတ်လပ်
သတ္တဂါတွေ .... ၊ သဘာဂတု
ဖန်တီးပြုလုပ်
တောတစ်အုပ်မှာ....။

**အုတ်မြစ်**
နိုင်ငံခြားဆန်ဆန် ...
ပုံစံဆန်းသစ် ၊ ခေတ်မီဒီဇိုင်း
ကြည့်တိုင်းကျေနပ် ၊ တစ်ထပ်တိုက်ပြာ
ဂင်ဒါမီယာမှာဆောက်လိုက်မယ်...။

လောလောဆယ်မှာ ...
တိုက်ပြာအတွက် ၊ မီးကျက်နီရဲ
အုတ်နီခဲတွေ ....
အခွဲအထုခံပေဦး ... ။

## ဟင်းလင်းပြင်ကဘဝများ

ခပ်လှမ်းလှမ်းမှာ ....
တောင်တန်းမြင့်မောက် ၊ မတ်စောက်နံရံ
ကာဆီးခံငြား ၊ ပိုးဂါးသွဲ့သွဲ့
ပဲ့တင်သံများ ၊ ကြားရနိုးနိုး ...

ဆင်းရဲခြင်းလျှင် ၊ လွင်တီးခေါင်ခေါင်
ပူပူလောင်ထဲ ၊ ရင်ကွဲမတတ်
အထပ်ထပ်တောင်းခံ ၊ ပဲ့တင်သံတို့
ပြန်၍မလာ ၊ ဝေဒနာစု
လူမှုဒုက္ခ ၊ လျော့ကျမပြေ ...

နေပူခြောက်ပ် ၊ မိုးခေါင်ရပ်ကွက်
ဖားလက်တက်တွေ ၊ ဆက်တိုက်အော်လဲ (လည်း)
ရင်သာကွဲမည် ...
မိုးဖွဲမိုးပေါက်ရှာမှာလား ။

## ငါနှင့်ကဗျာခွဲခွာခြင်း

ပန်းကာအောက်မှာ ၊ နံ့သာမကင်း
ပန်းအိုးတွင်းမှု ၊ စက္ကူပန်းတု ...

ရက်မှာပုလဲ ၊ နူတ်မှာရွဲဆင်
ပတ်ဝန်းကျင်မှာ ၊ ပုတ်သင်ညိုတု ...

အိပ်ပျော်စဉ်မှာ ၊ ဘာမှမသိ
ရှိသည့်အရာ ၊ အိပ်မက်သာစု ...

ပန်ကာအောက်မှာ ...
ပတ်ဝန်းကျင်မှာ ...
ငါအိပ်မောကျ ၊ ကာလများစွာ ...

ကဗျာမှု ....

စက္ကူပြန်းမဟုတ် ...
ပုတ်သင်မဖြစ်
ယစ်မူးစရာ ၊ အိပ်မက်ပြာများ
ဖြစ်မသွား၍ ....။

**ရာသီတုစက်**

(၁)
နွေနှင့်မိုးကို ၊ မနှစ်လိုလို့
ဆောင်းကိုတွယ်တာ ၊ သုံးရာသီလုံး
နှင်းဖုံးအေးစေ ၊ မြူဝေဝေရစ်
အမြဲဖြစ်ရန် ၊ ဖန်တီးမည်ဟု
ရာသီတုစက် တီထွင်သည် ။

(၂)
သဘာဝကို ၊ ငါကကြိုးကိုင်
ဖန်တီးနိုင်ပြီ ၊ သုံးရာသီလုံး
နှင်းမြူဖုံးအုပ် ၊ ဆောင်သရုပ်ကို
ခလုတ်နှိပ်လိုက် ဖြစ်စေမည် ။

(၃)
သည့်အခါ ....
ရာသီတုဆောင်း ၊ မြစ်ချောင်းကရေ
ခဲနေအောင် အေး ၊ ဆိုက်ဘေးရီးယား
ရုရှားလိုလို ၊ မော်စကိုက
အောက်တိုဘာလ ၊ နှင်းလမ်းမလို
ဒေသအားလုံး ၊ အလှဖုံးစေ
နှင်းတုံးသိုင်းသွယ်ရီဝေဝေ ....။

(၄)
အဓိပတိလမ်း ၊ နှင်းဖျန်းမိုးလို
စိုအုံ့ဝေဆိုင်း ၊ မှိုင်းအုပ်ထူထပ်
ဂျပ်ဆင်ဘက်ဆီ ၊ ကြည့်လိုက်သည့်တွင်
သစ်ပင်တစ်တန်း ၊ နှင်းခိုင်ပန်းဆွဲ
တွဲရရွဲဆင် ၊ စပရင်တာ ဂဲလဲင့်စ်

နှင်းဖြူပွင့်လွှမ်း ၊ ဒတ်ဆန်းတိုယိုတာ
လူးလာကူးယှက် ၊ ဆောင်မနက်လေ
ကျက်သရေရှိ ...။

(၅)
အင်းလျားကန်ထဲ ၊ ရေခဲပြင်ဖြစ်
ခေတ်မီအလှ ၊ ပျော်ရာဖန်တီး
စကိတ်စီးလိုက် ၊ နှစ်ခြိုက်တွယ်မက်
အရက်ပိုင်စုံ ၊ ငုံစပ်ဖူးယစ်
ရာသီသစ်ကို ၊ လက်ကမ်းကြိုနေ .... ။

(၆)
ကြည့်စမ်း ကြည့်စမ်း . . . .
အင်းလျားလမ်းဘက် ၊ တက္ကသိုလ်ရိပ်သာ
ဝင်ဒါမီယာ ၊ သည်မှာလူတွေ
နှင်းဝေဝေကြား ၊ အမွေးဖွားစုတ်
ဦးထုပ်ယူဆောင်း ၊ လောင်းကုတ်အင်္ကျီ
ကတ္တီပါသက္ကလပ် ၊ အထပ်ထပ်နှင့်
ကျေနပ်နေကြ ၊ အခုမှပဲ
ဥရောပလို ၊ ကိုယ်တို့နေရာ
ခေတ်မီလာတယ် ...
ရယ်ရင်းနှုတ်ဆက် ၊ မနက်ခင်းရဲ့ မင်္ဂလာ ...
ကျေးဇူးတင်လိုက်တာ အင်ဂျင်နီယာ ... ။

(၇)
အင်းလျားလမ်းဘက် ၊ တက္ကသိုလ်ရိပ်သာ
ဝင်ဒါမီယာ ၊ သည်ကစခွာလို့
တောရွာမြို့ စွန် ၊ မြို့ ထွက်လွန်အောင်
တောင်မြောက်ကျေးလက် ....
ထွက်ကြည့်လိုက်မှ ....။

(၈)
တဲအိုတဲပျက် ....

နှင်းစက်ငွေရာ ၊ မကွယ်ကာနိုင်
ယိုင်နဲ့ပြိုလဲ ၊ နှင်းခဲဖုံးလွှမ်း
လမ်းမှာလူပျောက် ၊ ကြောက်ဖွယ်ငြိမ်သက်
ဆောင်းမနက်မှာ ....။

(၉)
ရွာလယ်လမ်းထဲ ၊ နှင်းခဲတွေကြား
အစားငတ်ပြတ် ၊ ခွေးပိန်ကပ်မ
သွေးရပ်အေးခဲ ၊ နှင်းစိုရွှဲသေ ...။

(၁၀)
ခန္ဓာကိုယ်တွင် ၊ တင်လွှမ်းခြုံထွေး
အနွေးထည်ကင်း ၊ ဆင်းရဲသားရပ်
မေးဆတ်ဆတ်ရိုက် ၊ခိုက်ခိုက်တုန်ချမ်း
နှုတ်ခမ်းပြာရင်း ၊ဟင်း...ဟင်း...ညည်းသံ
ကြားရပြန်၏ ။

(၁၁)
အပြန်လမ်းမှာ ....
ရာသီတစက်...
ဖျက်စီးရမလား...
ဆက်ပြီးထားမလား....
လား...လား....လား...နှင့်
စဉ်းစားဒွိဟ....
နောက်ဆုံးကျတော့....။

(၁၂)
ဆန်းသစ်တီထွင်....
အင်ဂျင်နီယာ....
ငါ....
သာကေတနှင့်ဒလမှာလေ...
ငါမနေ...

ရွှေငွေဖြိုးလက် ၊တက္ကသိုလ်ရိပ်သာ
နေသောငါ....
ရာသီတစက် ၊ ဖန်ဆင်းချက်ဖြင့်
ကျက်သရေအပေါင်း ခညောင်းဝေ
အောင်စေရတု အောင်စေသော် .....။

**မျှော်လင့်ခြင်း**

မျှော်လင့်သည့်စိတ်
အရိပ် ....

မျှော်လင့်ချက်
ငှက်ငယ် ....

မျှော်လင့်ခြင်းသည်
အိပ်မက်ရှည် ....

မလိုက်ဘဲရပ်နေပါက
အပါးမှအရိပ်လို....
စိတ်ကိုနှိုးဆွ
ထ လိုက်မိပြန်လျှင်
ငှက်အသွင်ပျံသန်း
ဖမ်းဆီး၍မမိ
ဝေဒနာဖိစီးနိပ်စက်
ရင်ထွဲမှာတော့
အိပ်မက်။

**ကျောင်းခွေး**

ကုသိုလ်ကျောင်းမှူ
ဒါနပြု၍
သာခုခေါ်ပြီး
ကြေးစည်တီးသည်
ဝေးနီးရပ်ကကြားစေသော်...။

ဇရပ်ပျက်ကြား
ကျောင်းအိုကြားမှ

ပြေးလွှားညံ့ဆူ
သံရှည်အူစဉ်
အလှူပွဲသိမ်းနေပြီတည့် ။

**နေကာမျက်မှန်**

နေပူ ဒါဏ်ကို
ခံစားပေ့ါစေ ၊ နွေကိရိယာ
နေကာမျက်မှန် ....။

အပူရှိန်သည် ....
မှေးမှိန်လျော့ရဲ ၊ နေမီးခဲလည်း
ဆည်းဆာရောင်လှ ၊ ပန်းနုလိုထင်
မြင်ကွင်းပြောင်းပြန် ...
မျက်မှန်အောက်ကနွေနေ့လယ် ။

တကယ်တော့လေ ....
အပူနွေကို ၊ နေကာမျက်မှန်
ကြားကခံလျက် ၊ မျက်စိလှည့်ထား
အသားအရေ ၊ နေလောင်သည့်ဒဏ်
ခံစားထိတွေ့ ၊ အပူငွေ့ဟပ်
ရေငတ်ဂမ်းဟာ ၊ ကိုယ်ခန္ဓာကို
လိမ်ညာမရ ...
နေထဲကလူ ...

နေအပူကို ၊ ဂေယျခံစား
အသားနေဟပ် ၊ ရေငတ်ဂမ်းဟာ
ဝေဒနာတွေ ၊ မဖြေသာလေတော့
နေကာမျက်မှန်ချွတ်လိုက်၏ ။

**ထာဝရပန်း**

သပြေခက်တွေက
နွေရက်မှာတဝေဝေ....။

ပန်းပိတောက်ကိုလဲ (လည်း)
လွမ်းလောက်စရာလို့ထင်မနေ...
နှစ်သစ်ရဲ့ အတာရေ ...
ဘာတွေကိုဆေးမလဲ ... ။

အရွက်ခြွေချပေမယ့်
အခက်တွေကတဝေဝေနဲ့
လေအလာကြွေမှာမကြောက်သူမို့
ပိတောက်လိုယာယီမနွမ်း
စိန်ပန်းတွေရဲ ။

**အရက်ကြို**

(၁)
ကလေးများကို
လေးစားစွာနှုတ်ဆက်
ကောင်းသောမနက်ခင်းပါကွယ်

`

(၂)
ကောင်းကင်ပြာနဲ့
စိမ်းလဲ့လဲ့မြက်ခင်း
ကစားကွင်းမှာ
မင်းတို့ပျော်နိုင်ကြပါစေ....

(၃)
ညအမှောင်ရောက်
လရောင်အောက်မှာ
စိတ်နောက်ကိုယ်ပါ
ပြေးလွှားကာနေ....
ကဗျာရွတ်ရင်း ၊ပုံပြောရင်းနှင့်
မင်းတို့နေနိုင်ကြပါစေ....။

(၄)

ကလေးတို့ရေ....
မင်းတို့တစ်တွေမှာ....
နေရာတစ်ခုအတွက်
ဝေဒနာစုမဖက်
ရမွက်မရှိ
အတွက်မရှိ
အသက်မပြည့်ခင်ရတဲ့အခွင့်အရေး
အရက်ရှိတတ်တာလဲ
မင်းတို့ကလေးတွေပါပဲကွယ်....

(၅)
ဖခင်တို့၏စကား
အားလုံးအမှန်ထင်
စံတင်လို့ရမလား
ဂန္ထဝင်လို့ပြမလား
အမှန်ပြင်လို့မရတဲ့အမှားတွေ
သားတို့အတွက်သင်ခန်းစာ
ရှင်လန်းစွာနဲ့ ယူတတ်ပါစေ ...

(၆)
အဖေတို့၏ မပြည့်မစုံသမိုင်း
သားတိုင်းကဆက်ရေး
အသက်သွေးတာဝတ်ဆက်
ရာဇဝင်မျက်နှာအသစ်
ရှက်စရာမဖြစ်ဖို့တော့ လိုတယ်နော် ...

(၇)
ကလေးများကို
လေးစားစွာနှုတ်ဆက်
ကောင်းသောမနက်ခင်းပါကွယ် ။

**မသိကိန်း၏တန်ဖိုး**

(၁)

ရာထူးဌာန ၊ လစာလုပ်သက်
ရုတ်တရက်မှန်း ၊ ကိန်းဂဏန်းတစ်ခု။

(၂)
ဆောက်လက်စတိုက်သစ်
ခေတ်ကာလငွေကြေး
ကြမ်းခင်းဈေးသတ်မှတ်
နောက်ထပ်ကိန်းဂဏန်းပြု ....။

(၃)
ညီမှုခြင်းတစ်ခုမှာ
မသိကိန်းရှာထုတ်
ဝှင်းပုစ္ဆာ
အဖြေဘာလဲ
စဉ်းစားဆဲ၌
အုတ်ခဲသူခိုးနှုတ်ကထွက် ။

(၄)
သူခိုးဆိုဖမ်းမမိ
ဖမ်းလို့မိလျှင်သူခိုးမပီ
အမျိုးအမည်သိမ်နုပ်တဲ့
ကျုပ်က ... သူပုက် ။

## သွေးစည်းသူများ

ရှေ့မရောက်
နောက်မဆုတ်
ကျောက်ရုပ်ခြသေ့် တို့မဟုတ် ။

လှိုင်းမထန်
မာန်မသွင်း
ကန်တွင်းရေသေ တို့မဟုတ် ။

အဆိပ်ဖယ်
အစွယ်ကျိုး

မျက်လှည့်မြွေမျိုး တို့မဟုတ် ။

လည်ဆံဖားလျား ၊ ဟန်ကြွားကြွားနဲ့
အားပြည့်မာန်ဝင် ၊ တောဘုရင်၏
ခြသေ့်သတ္တိ ၊ တို့မှာရှိတယ် … ။

ကျောက်ဆောင်ကိုစား ၊ ကမ်းပါးကိုဖြို
လိုရာစီးဆင်း ၊ ခရီးပြင်းနှင်
ရေအလျင်၏ ၊ အားအင်လိုမျိုး
တို့ပိုင်စိုးတယ် ။

ထိလျှင်ပေါက်မည့်
မြွေဟောက်လိုစိတ်
အဆိပ်ကိုပိုင်
တို့ရင်ဆိုင်မယ် …. ။

မကြောက်တရားနဲ့
ယောကျ်ားပီသမြန်မာ
သွေးစည်းကာ ….
ကမ္ဘာတုန်ဟည်းသွားစေအံ့ ။

**ရောဂါရသူများ**

နွေအကုန် မိုးအပြောင်း
မိုးအနှောင်းဆောင်းအရောက်
ဆောင်းအပျောက်နွေအစ
အဲဒီလို ….
ရာသီကာလအကူးအပြောင်းတွေမှာပေါ့ ။

နာစေးချောင်းဆိုး
မိုးမိနာဖျား
ဂမ်းသွားဂမ်းကိုက်
တိုက်ဖွိုက်နဲ့ နမိုးနီးယား
အပူရှပ်လို့ဖျား ၊ အဆုပ်အေးတာကအစ
တုပ်ကွေးဆိုတာကလဲ ခဏခဏဖြစ်တတ်ပါသတဲ့ ။

သွေးလွန်တုပ်ကွေး
ကလေးတွေမှာဖြစ်
နှစ်နှစ်မှာတစ်ကြိမ်ဆိုးရွားသတဲ့
ပိုးမွှားခြင်ယင်မပေါက်ဖွားဖို့ အစဉ်တားကြ
ခြင်ကြားကရောဂါစသတဲ့လေ . . .။

ခြင်ကြားကစတဲ့ပိုး
ကလေးတွေကိုသာတိုးပေမယ့်
အမျိုးအမျိုးအစာ အစား
အစားမှား အဆိပ်တက်
ဖုပ္ပိုင်စင်ကတော့
လူကြီးတွေကိုပါနိုပ်စက်သတဲ့
စိတ်ပျက်ဖို့ကောင်းတဲ့ရောဂါတွေ ....။

ပဋိဇီဝဆေးအမျိုးမျိုး
ထိုးစရာစားစရာ
ပေါ်လာတဲ့ကာလ
ကုသလို့ပျောက်နိုင်ကြပေမယ့် . . .

အစစအရာရာ ...
ကာကွယ်ခြင်းသည်သာ
ကုသခြင်းထက်ကောင်း၏ ...တဲ့
ဂုဏ်ဆောင်ပုဒ်အရ
ရာသီအစတွေမှာ ထူပြောတဲ့
ရောဂါတို့ကို ကာကွယ်ရန်
ကိုယ်ခံအားကောင်းဖို့အဓိက
သတိတရဖြစ်စရာပါ . . . ။

ကိုယ်ခံအားမကောင်းသူများ
အဖျားအနာထူပြော
ရောဂါ . . . အမျိုးမျိုးဝင်တတ်တာ
ဆန့်ကျင်ဘက်သဘာဝနှစ်ခုအဆုံ
နွေအနှောင်းဆောင်းအရောက်
ဆောင်းအပျောက်နွေအစ

(အဲသည်လို . . . )
ရာသီကာလအကူးအပြောင်းတွေမှာပေ့ါ ။

## ငှက်တို့၏တေး

မလိုက်ရဲရင်လဲ
အသိုက်ထဲမှာပဲကျန်ခဲ့လေ ။

တစ်နေ့နီးမှာပေ့ါ
ရှေ့ ခရီးမျှော်မာန်တင်းပါကွဲ့
(ငှက်ဆိုတာကတော့ . . .)
ပျံရင်းသေ ။

ကဆုန်စိုင်းသလိုပေ့ါ
မုန်တိုင်းကရှေ့ မှာမွှေ
တောမီးတွေကရှေ့ မှာပိုင်း ။

ခြသေ့ံကမြက်မစား
ကျားကကြွက်မချောင်း
ဖွတ်တွေကမိချောင်းလိုမနေ
အိုးဝေ . . . အိုးဝေ . . . တွန်သံနှောလေတဲ့
စိမ်းမြညိုဟောဟိုတောဆီသို့
အမောခံ ဇောမာန်တင်းပါလို့
ပျံရင်းသေခရီးဆက်မယ် . . . တဲ့
(အဲဒါ . . . )
ငှက်တို့သမိုင်း ။

## အသက်ဝင်နေသောပန်းချီကား

ဖြတ်စက်ဖိစက် ၊ ပုံသွင်းစက်တွေ
ဂျုံးဂျက်ဆူညံ ၊ တူသံ ပေသံ
နားထဲလျှံထွက် ၊ မနက်မှသည်
ငါ၏ဂီတ ..

သွတ်စသံစ ၊ ဖြတ်စညှပ်စ

စက်ထဲကထွက် ၊ ပုံစံခွက်တွေ
ဆီပေလိမ်းကျံ ၊ ပင်နီယံတွေ
သံရည်ကြိုသည့် ၊ မီးဖိုဂမှ
လျှံကျပန်းထွက် ၊ ချောရည်စက်တွေ
မျက်စိအမြင် ၊ ပတ်ဝန်းကျင်မှာ
ငါ့ကဗျာတွေ . . .

စက်ပျက်ပြန်ပြီ . . .
သည် 'ဒိုင်' လဲပါ
အိုဗာတိုင် ပုတ်ပြတ် ၊ အလုပ်ကြပ်ဖိုမင်
လုပ်ခွင်စည်းကမ်း ၊ လုပ်ငန်းသဘော
ဟောလို ... ဟောလို ၊ ပြောဆိုပြေးလွှား
ကြားမြင်တွေ့ထိ ၊ နေ့ရှိသမျှ
ကာလရှည်ကြာ ၊ ငါ့ပုစ္ဆာတွေ . . .

ဥက္ကလာပ ၊ သာကေတထိ
ကားခမလောက် ၊ ခြေလျင်လျှောက်သူ
ရေသောက်ဗမ်းဖြည့် ၊ ချည့်နဲ့နေသူ
လူမမာ ကလေးအတွက်
ဆေးဖိုးဝါးခ ၊ ခဏငွေလှည့်သူ
ဘဝနွေရဲ့အပူမှာ . . .
ချူချာပြေးလွှား ၊ ညည်းတွားနေကျအသံ
စည်းဂါးတွေကမမှန် . . .

ဟာဒ်ရွက်များ ....
အလုပ်နားချိန်ခူး
စက်ရုံဦးကဈေးမှာရောင်း
၂၀မ်းကျောင်းခါးလှမရပေမယ့် ...
လမ်းကြောင်းကားခရလေသတဲ့. . .
ညနေရဲ့ နှုတ်ဆက်တေး
အလုပ်ရက်မရွေးကြားခဲ့ရတာတွေ . . .

အို. . . ရတ်တရက်
နှုတ်သာဆက်ခဲ့

အိပ်မက်လိုပြယ်
ဘယ်မှာမေ့မလဲ
ငါ့ရင်ထဲမှာ . . .
အမြဲထာဝရရှိနေ၏ ။

**အာရုံထဲမှာ**

မျက်စိကိုမှိတ်လိုက်လျှင်
အာရုံ၌မြင်နေသည်မှာ
အပြာရောင်မီးတောက်အနားသပ်လျက်
မည်းနက်ကျယ်ပြောသည့်
လွင်ပြင်ကြီးတစ်ခု၏အပေါ်သို့
အုတ်နီရင့်ရောင် ဝဲကတော့ ရစ်ထွေးပြီး
မီးခိုးရောင်ရှိတဲ့ကောင်းကင်ကြီးဟာ ...
တဖြည်းဖြည်းနှင့် . . .
နိမ့်ကျလို့လာနေပါတယ် ...

အဲဒီနေရာ ....
လေဆိုတာမရှိ
အသံဆိုတာမရှိ
လူဆိုတာမရှိ
ငှက်ဆိုတာမရှိ
မြက်ဆိုတာမရှိ
တောင်ကုန်းသစ်ပင်
စိမ်းစိုသောလယ်ကွင်းပြင်မရှိ
ပကတိကျယ်ပြောသည့်လွင်ထီးခေါင်ခေါင်းမှာ. . .
ထန်းပင်ပမာမြင့်မားသော
နေကြာပင်ကြီးတစ်ခု
သူ့ရဲ့အပွင့်ကြီးကြီးနဲ့
အထီးတည်းရပ်လို့နေပါလား ။

သည်ခဏမှာပဲ

မီးခိုးရောင်ကောင်းကင်ကြီးထဲမှာ ...
လက်ခနဲ
စူးရဲရှတတဲ့အလင်းတန်းတစ်ခုပေါ် လာပါတယ် ။

အဲဒီအလင်းတန်းဟာ . . .
ကောင်းကင်များရှိနေတဲ့
မီးတောက်ရဲ့ အပိုင်းအစပါပဲ . . .

အဲဒီအလင်းတန်းဟာ . . .
အခုချိန်မှာ . . .
ဟိုး ... ခပ်ဝေးဝေးကောင်းကင်ရဲ့ တစ်နေရာမှာ
ရှိနေသေးပေမယ့်...
တစ်နေ့....
လွင်ပြင်ကြီးဆီကျရောက်လို့
ကြီးမားပြင်းထန်တဲ့မီးတောက်နဲ့
လွင်းပြင်ကြီးကို ....
ဂါးမြိုဖျောက်ဖျက်ပစ်နိုင်ပါလိမ့်မယ်။

အဲဒီအခါ...
မျိုးဆက်ဖြန့်ဝေပြီး
ရပ်တည်ရှင်သန်ဖို့ ကြိုးစားနေတဲ့
မျိုးစေ့တွေလည်း အလကားဖြစ်သွားမှာပါ...
မီးစားမီးဟပ်တဲ့ရွက်ချပ်တွေနဲ့
ခါးပြတ်ဗိုင်းခနဲလဲကျသွားတော့မယ့်
နေကြာပင်က ....
အပွင့်ကြီးဟာလဲ
မီးတောက်ထဲပါသွားတော့မှာပါပဲ ။

**(WILLIAM FORCESTEAD ၏ ICLOSED MY EYE TO DAY AND SAW ကိုခံစားပြန်ဆိုပါသည်။)**

**အဆုံး ...**

အနိစ္စမှလွဲ၍
မခွဲခွာရသော . . .
ထာဝရတရားမရှိပါ . . .။

ထိုအခါ၌ . . .
ငါ၏ဂီတဉာဉ်သည် . . .
ဤကဗျာတို့၌ ရှင်သန်တွယ်ငြိမ်၍
ရှိနေနိုင်ပါစေသတည်း ။


မောင်စိန်ဝင်း
ပုတီးကုန်း
ကဗျာများ